
ပုံပြင်မကြောအားသော မိဘများနှင့် ပုံပြင်ဖတ်ချင်သော ကလေးငယ်များအတွက်

ဆုပြုခွန်ပုံတွဲနံပါတ်(၁)


ပုံပြင်ကဒ်


ကလေးရုပ်စုံစာစောင်















သားသားမီးမီးတို့အတွက် ဗုဒ္ဓဘာသာဆိုင်ရာသိမှတ်မှုယ်ရာရုပ်ပြစာအုပ်များ

နောက်ဘဝရှိလား...၊ငရဲဆိုတာရှိသလား...၊ဝဋ်လိုက်တယ်ဆိုတာတကယ်လား...၊
ကောင်းတာလုပ်ရင်ဘာဖြစ်မလဲ...၊မကောင်းတာလုပ်ရင်ဘာဖြစ်သလဲ... စတဲ့ မေးခွန်းများကို
သိဖို့အတွက် ရုပ်ပြအဖြစ် စီစဉ်ထုတ်ဝေထားပါသည်။

ထုတ်ဝေပြီး စာအုပ်များ

- တန်ခိုးထက်မြက်အစွမ်းထက်သည့် ရဟန္တာကိုရင်ငယ်များ
- ရွှေပလွင်ပျဲရင်္ဂါသူနတ်သမီးနှင့်ဝိမာနဝတ္ထုလာ ဇာတ်လမ်းများ
- စကားကြီးဆယ်မျိုး
- မာယလုလင် (သံကြားမင်းကြီး ဦးမာယ၏အကြောင်း)
- ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် ပတ္တမြားဒေဝီစောမဲကျီ
- ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် မိဖုရားစောလုံ
- လောင်စာသိမ်း၍ငြိမ်းသောမီးနှင့်မီးတောက်သစ္စာ
- မြန်မာ့ရာဇဝင်ထဲက သူရဲကောင်းများ
- ရာဇဝင်ထဲက မောင်ပေါက်ကျိုင်း(ရှင်မွေ့နွန်း+ မင်းနန္ဒာနှင့်ပျူစောထီး ဇာတ်လမ်းများပါဝင်သည်။)
- စစ်သူကြီး အဘယ
- ပြိတ္တာတို့၏ဘဝများနှင့် နောက်ခံဇာတ်လမ်းများ
- ငရဲကြီးဇောက်ထိုးကျသူမုဆိုးနှင့် ဒုက္ခစုံစုံငရဲဘုံဇာတ်လမ်းများ
- မုသားပြောသူမင်း နှင့် ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- စစ်သူကြီးမဟာဗန္ဓုလ
- ပုံပြင်ကမ္ဘာမှ တရုတ်ရိုးရာ စကားပုံ ပုံပြင်များ
- ပုံပြင်ကမ္ဘာမှ ဒဿန ပုံပြင်များ
- ၃၈ ဖြာမင်္ဂလာ
- ကောသလမင်းအိပ်မက် (၁၆)ချက်
- အရှင်မဟာမောဂ္ဂလာန်
- ဝိပါတ်တော်ဆယ့်နှစ်ပါး
- ငရဲကြီးရှစ်ထပ်
- ဆဒ္ဒန်ဆင်မင်း နှင့် ပုံပြင်ကမ္ဘာ ပုံပြင်များ
- ငါးပါးပဉ္စသီ
- ရဟန္တာအရှင် ရှင်ဥပဂုတ္တ
- ပညာရှိအဘိုးအိုနှင့် ပုံပြင်ကမ္ဘာပုံပြင်များ
- မင်းကုသနှင့် ပဘာဝတီ ပါဝင်သော ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- ပါးစပ်ဟတဲ့မိကျောင်းနှင့် ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- ရွှေကုန်သည်နှင့် ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- မင်းသားနှင့် ဘီလူးများ အပါအဝင် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- ကာမေသုမိစ္ဆာစာရကံကျူးလွန်ကြသူများနှင့်ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- မင်းကောင်းမင်းမြတ်နှစ်ပါးနှင့် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- ငါးပါးသီလပြည့်စုံသူများ အပါအဝင် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- ဆိုးသွမ်းသော ဝိဇ္ဇာဓိရ် နှင့် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- သင်္ဂဇာဆရာတော်ပုံပြင်များ
- ခွေးနက်စားခံရသော ဗိမာန်ရှင်နှင့် ပြိတ္တာဇာတ်လမ်းများ
- သားသတ်မုဆိုးပြိတ္တာနှင့် ပေတဝတ္ထု ဇာတ်လမ်းများ
- တစ္ဆေဘဝနှင့်သံသရာကြွေးဆပ်သူ အပါအဝင် ဒုက္ခစုံစုံတစ္ဆေဘုံဇာတ်လမ်းများ
- တစ္ဆေတို့ရွာအပါအဝင် ဒုက္ခစုံစုံတစ္ဆေဘုံဇာတ်လမ်းများ
- ကောသလမင်းကြီးနှင့် ဒု-သ-န-သော
- သေရွာပြန် ရုပ်ပြဇာတ်လမ်းများ
- ရဲပုံစွန်စား အောင်ဆန်းသူရိယများ
- ရာဇကုမာရနှင့်ပုံပြင်ကမ္ဘာ ပုံပြင်များ
- ဒွေးမယ်နော် ပုံပြင်ကမ္ဘာ ပုံပြင်များ
- နတ်သားဖြစ်မည့် ဖားကလေးနှင့်ဝိမာနဝိတ္ထုလာဇာတ်လမ်းများ
- ပညာရှိအမတ်ကြီး ဦးပေါ်ဦး၏လျှောက်ထုံး ဟာသဇာတ်လမ်းများ
- သီလ၏အစွမ်းနှင့်ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- တပင်ရွှေထီးနှင့်ဘုရင့်နောင်ကျော်ထင်နော်ရထာ
- ဖခင်မေတ္တာ
- အင်္ဂုလိမာလနှင့် ပုံပြင်ကမ္ဘာ ပုံပြင်များ
- အတုလရှင်ရသေ့ဖြတ်ထုံးများနှင့် ပုံပြင်ကမ္ဘာပုံပြင်များ
- နောင်တော်ကြီးမင်းနှင့်မင်္ဂလာပုံပြင်များ

ဆုပြည့်စုံထွန်းစာပေ
အမှတ်-၃၀၈/၅၁၂(ပ-ခ)(ဃဆပ်)၊ ကုန်သည်လမ်း (အိပ်ကမ်းသာလမ်းထောင့်) သရဖီကွန်ရှိ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၇၃၆၆၄၊ ၃၇၈၇၃၃။

ပဉ္စင်းကန်

ကလေးရုပ်စုံစာစောင်

---------- ၏ စာအုပ် ဖြစ်ပါသည်။

---------- က ဝယ်ပေးပါသည်။

ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂ (၂၃) ပထမထပ်၊ သရဖီကွန်ဒို
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃



အယ်ဒီတာချုပ်

ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ

မျိုးဇော်ထက်

အုပ်ချုပ်မှုအယ်ဒီတာ

ခင်မာရွှေ

အမှုဆောင်အယ်ဒီတာ

လင်းသက်ခိုင်

အယ်ဒီတာအဖွဲ့

ဉာက်လင်းထက်

ရုံးအဖွဲ့

ကိုစိုးသိန်း၊ ဆန်းဇော်၊ ရှိုင်းကိုကိုနိုင်၊ ဇင်နိုင်ထွန်း၊ ထွန်းထွန်းလွင်၊ ကျော်ဇင်ထက်

ဝင်းဝင်းမော်၊ သန္ဓာဝေ၊ နှင်းသက်ဝေ၊

Cover **သရုပ်ဖော်**

ဝင်းမြင့်အောင်

Computer

မင်းထွဋ်၊ ဝဏ္ဏဝေ၊ ပိုပိုဇင်၊ မျိုးစုမာ၊ အေးသွယ်၊ မိမိဇင်၊

Film - Eagle

layout - Quality

ပုံနှိပ်သူ - ဦးကျော်ယဉ်(ဇမ္ဗူမော်)

အမှတ်(၂၈၄)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

စာအုပ်ချုပ် - တင်မေထွန်း

ကြော်ငြာတာဝန်ခံ

ခင်မာရွှေ

ဖြူဖြူသင်း

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃၊ ၀၉-၅၁-၂၂၅၃၀။

ထုတ်ဝေသူ - ဒေါ်ခင်မာရွှေ

ဆုပြည့်စုံထွန်းစာပေ၊ ၁၇၇၁(ယာယီ)

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၂၀၀ ကျပ်

စာတည်းအဖွဲ့နှင့် ဖြန့်ချီရေးရုံးခန်း

အမှတ် -၅၀၈/၅၁၂၂၊(၂၃)ပထမထပ်၊ သရဖီကွန်ဒို

(ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်)

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃ (ရုံးချိန်အတွင်းသာ ဆက်သွယ်ပါရန်။)



အထက်မြန်မာပြည်ဖြန့်ချီရေး

နဂါးစာပေ ထွန်းဦးစာပေ

ဖုန်း -၀၂-၃၉၈၆၉ ဖုန်း -၀၂-၃၉၈၀၁

ရှမ်းပြည်နယ်ဖြန့်ချီရေး

မီလျံနာစာပေ ဂင်္ဂါနဒီစာပေ

တောင်ကြီးတွင် လပေးယူလိုသူများအတွက်

STUDENTS' CHOICE

မြို့နယ်ကျန်းမာရေးရုံးမျက်နှာချင်းဆိုင်၊ အရှေ့မြို့ပတ်လမ်း၊

ဒီဇင်ဘာဟိုတယ်၊ မြေညီထပ်၊ တောင်ကြီးမြို့။

ဖုန်း - ၀၈၁-၂၀၁၄၇၃

မော်လမြိုင်တွင် လပေးမှာယူလိုသူများအတွက်

ကျော်ကျော်စာပေ (အမှတ် ၁၁၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့)

လပေးမှာယူလိုသူများ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ပြည်ကြီး

ကလေးရုပ်စုံစာစောင်

အမှတ် (၃၂) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၃ ခုနှစ်။

ပြည်ထောင်စုနေ့	✿	အရုပ်ဖော်မောင်ရဲသူ (ရန်ကုန်တက္ကသိုလ်)	၅
ပို၍ရိုးဖြောင့်သူ	✿	ပန်းချီကံကောင်း	၁၅
မတည့်အတူနေ	✿	ခွန်းချိုသံသာ	၂၅
တရုတ်ရိုးရာစကားပုံ ပုံပြင်များ	✿	ကာတွန်းချစ်သူ	၃၁
သူငေးသားသုံးယောက်ပုံပြင်	✿	မောင်နှစ်သိမ့် (တောင်ကုတ်)	၄၁
ပညာရှိ	✿	ကာတွန်းရဲမြင့်သန်း	၄၄
ကိုယ်ကျွမ်းကျင်ရာ ကိုယ်လိမ္မာ	✿	နန္ဒာမိုးကြယ်	၅၂
ဗိုလ်မှူးအောင်ဆန်းသူရိယ အေးချို	✿	aem	၅၅
ရိုးသားသော အခွန်တော်ဝန်မင်း	✿	လင်းသက်ဦင်	၆၅
ခြင်္သေ့ကြီး၏မိသားစု	✿	တိရစ္ဆာန်ပုံပြင်	၇၀
ကြက်ကလေးနဲ့ကြောင်ကြီးရွှေဝါ	✿	ရိုးရာပုံပြင်	၇၄
လောဘကြီးသူ	✿	ကာတွန်းလူကြီးမင်း	၇၅
ဥစ္စာမှန်က ကိုယ်ပြန်ရ	✿	ထက်သန်မိုး	၈၅
သားအဖနှစ်ယောက်နဲ့မြည်း	✿	နိုင်ငံတကာပုံပြင်	၈၈
စည်းလုံးညီကလွတ်မြောက်ကြ	✿	ကာတွန်းစက်ဝိုင်း	၉၀
မြည်းစိမ်းရုပ်ကလေး	✿	သက်ဦးလွင်	၉၃
နှင်းပွင့်ဖြူနှင့် လူပုလေးခုနစ်ယောက်	✿	နိုင်ငံတကာပုံပြင်	၉၇

အယ်ဒီတာ့စကား

ကလေးတို့ရေ . . .

စည်းလုံးခြင်းသည် ခွန်အား၊ စည်းလုံးညီညာ အောင်ကြောင်းဖြာ ဆိုတဲ့ စကားပုံတွေ ရှိကြတယ်။ စည်းလုံးညီညွတ်ခြင်းကြောင့် အောင်မြင်မှုတွေ ရနိုင်တဲ့အကြောင်း ညွှန်ပြတဲ့ စကားပုံတွေ ပေါ့ကွယ်။

ညီညွတ်ခြင်းက ကောင်းသော အလုပ် မွန်မြတ်သော အလုပ်တွေမှာ ညီညွတ်မှုသာ လောက ကောင်းကျိုးသယ်ပိုးနိုင်မှာ ဖြစ်ပါတယ်။ ဦးစောတို့ လူသိုက်လို ဗိုလ်ချုပ်အောင်ဆန်းနဲ့ နိုင်ငံခေါင်းဆောင်တွေကို လုပ်ကြံတဲ့ နေ့ရာမှာ ညီညွတ်ကြတဲ့အခါ တိုင်းပြည်ကို တကယ်အကျိုးပြုမယ့် ခေါင်းဆောင်ကောင်းတွေ စောစောစီးစီး ကြွေလွင့်ခဲ့ရတယ်။ ဦးစောဟာ ဗိုလ်ချုပ်အောင်ဆန်းကိုသာ သတ်ခဲ့တာ မဟုတ်ဘူး။ မြန်မာတစ်ပြည်လုံးကိုပါ လူရာမဝင်အောင် လုပ်ခဲ့တာပါ။

ဒီလိုမကောင်းတဲ့လူတွေ စည်းလုံးညီညွတ်ပြီး လူကောင်းတွေအပေါ် အမြတ်မထုတ်နိုင်အောင် စိတ်ထားကောင်းတဲ့ သူအချင်းချင်းလည်း ညီညွတ်ဖို့ လိုပါတယ်။ လူတစ်ဦးနဲ့တစ်ဦးဆိုတာ စိတ်ချင်းထပ်တူမညီနိုင်တာမို့ စုပေါင်း လုပ်ဆောင်ကြတဲ့အခါ တစ်ဦးရဲ့အားနည်းချက်ကို တစ်ဦးက ဖေးကူလို့ တစ်ဦးရဲ့အားသာချက်ကိုကျန်တဲ့သူတွေကအားယူလို့ညှိနှိုင်းလုပ်ဆောင်ကြရင်အရာရာအောင်မြင်နိုင်ကြမှာပါ။

စိတ်ထားကောင်းမွန်တဲ့ မြန်မာပြည်သားကလေးငယ်တွေ စုစည်းညီညွတ်စွာနဲ့ ကမ္ဘာ့အလယ်မှာ တင့်တယ်တဲ့မြန်မာပြည်ဖြစ်အောင် စွမ်းဆောင်နိုင်ကြပါစေလို့ ပြည်ထောင်စုနေ့ ဆုမွန်ကောင်းအဖြစ် ဆုတောင်းလိုက်ပါတယ်။

လေးစားစွာဖြင့်

အယ်ဒီတာအဖွဲ့




ပြည်ထောင်စုနေ့
မြောက်ရဲသူ
ကလေး၀တို့ရေ..
နယ်ချဲ့ဗိုလ်ကြီးအောက်ကျောက်ဆန့်တဲ့
မြန်မာနိုင်ငံကို လွတ်လပ်ရေးရဖို့
ဗိုလ်ချုပ်အောင်ဆန်းနဲ့ဝက္ကဘ
တိုင်းရင်းသားကိုယ်စားလှယ်
တွေဟာ ၁၉၄၇ ခု ဖေဖော်ဝါရီ
၁၂ ရက် ဇနီဂျာလွတ်လပ်ရေးရဲ့
အခြေခံဥပဒေပြုပင်လုံစာချုပ်
ကို အောင်မြင်စွာချုပ်ဆိုခဲ့ကြ
တယ်။ ဒါကြောင့် အဲဒီနေ့ဟာမြစ်
ပေါ်မှာတစ်ကျိုးယားလုံးရဲ့
လွတ်လပ်ရေး ဗိမာန်ကြီးကို
အောင်မြင်စွာတည်ဆောက်ခဲ့လို့
ဖေဖော်ဝါရီ ၁၂ ရက်ကို
ပြည်ထောင်စုနေ့လို့ခေါ်တာပေါ့။



မြန်မာနိုင်ငံဟာ အင်္ဂလိပ်
နယ်ချဲ့တွေရဲ့ ကျူးကျော်
စစ်ပွဲတွေကြောင့် ကိုယ်တိုး
ကိုယ်နှန်း ပျောက်ပြီး
သုံးကျွန်ဘဝရောက်ခဲ့ရတယ်
အကြောင့် နယ်ချဲ့တိုင်းကို
တော်လှန်တဲ့ တိုက်ပွဲ
တွေဟာ မြန်မာနိုင်ငံ
အနှံ့မှာ ပေါ်လာခဲ့တဲ့
တိုင်းရင်းသားပေါင်းစုံတို့
ပါဝင်ပြီး ရန်သူနယ်ချဲ့
တွေကို ညီညွတ်စွာနဲ့
တိုက်ပွဲဝင်ခဲ့ကြတယ်


မြန်မာ့တော်လှန်ရေးသမား
တွေဟာ လက်နက်အရာ
စစ်ပညာသာလွန်တဲ့နယ်သို့.
တွေကို သူကျွန်မခံလိုတဲ့
စိတ်ဓာတ်နဲ့ စုပေါင်းပြီး
တွန်းလှန်ခဲ့ကြတာပေါ့..
တိုင်းရင်းသားမြန်မာ့မျိုးချစ်
တွေဟာထစ်ငေါက်ကျတစ်ဒိုင်လိတက်
တစ်တပ်ပျက် တစ်တပ်ဖွဲ့ပြီး
နှစ်ပေါင်းရာနှင့်ချီကာ နေယ်သို့.
အင်္ဂလိပ်တွေကိုမလျှော့တဲ့ခဲနဲ့
ရင်ဆိုင် တိုက်ခိုက်ခဲ့ကြတယ်


ဆမားနူးဝါး၊
ဆင်ဝါးနှောင်၊ ဓောလဖော်၊
ရွှေချိုးပြုမင်းသား
ဝန်းသိုစော်ဘွားဦးအောင်ခြုံတို့
လင်းပင်မင်းသား၊ ပုဂံဇိုလ်ချို
ကျွမ်ဘိ၊ ဇိုလ်မင်းရောင်၊
ဇိုလ်ခြုတို့ဝတ္ထုနိုးတို့ဟာထင်ရှားတဲ့
မျိုးချစ်ခေါင်းဆောင်တွေဖြစ်ကြတယ်။
နယ်ချဲ့အင်္ဂလိပ်တွေဟာ မြန်မာ
နိုင်ငံအပေါ်ရေရှည်ကျွန်ပြု
ထားရှင်ရမယ်အကျိုးအမြတ်ကို
တွက်ဆကြောမြင်လာကြတာပေါ့
ဇီလိုန်း နံတိယ
ကမ္ဘာစစ်မီးကြီး
တောက်လောင်လာတယ်


ဒရြက်ဖြူးတော့ အင်္ဂလိပ်
တို့ရဲ့ အရှေ့အနောက်ဗိသုံးသပ်
ဆင်ခြင်မိတဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့
ခေါင်းဆောင်များဟာ လွတ်လပ်ရေး
ရဖို့ ကြိုးစားကြတယ်..
ခေါင်းဆောင်ကြီးတွေဟာ
တိုင်းရင်းသား သဘောတူမှု
မရှိဘဲ လွတ်လပ်ရေးရမှာ
မဟုတ်လို့ ပယ်ကြသကြတယ်
ဒါကြောင့် တိုင်းရင်းသား
စည်းလုံးညီညွတ်ရေးအတွက်
လုံးပမ်းဆောင်ရွက်ကြတယ်
ဗိုလ်ချုပ်အောင်ဆန်းဟာ
မြန်မာနိုင်ငံ အနယ်နယ်
အရပ်ရပ်ကိုသွား၍
တိုင်းရင်းသားတွေနဲ့ စည်း
လက်တွဲပြီး လွတ်လပ်ရေး
ရယူဖို့ ညှိနှိုင်း ခဲ့တယ်..


ဒီကြောင့် ဗြိတိသျှအစိုးရဟာ
မိုလ်ချုပ်အောင်ဆန်းကို
အင်္ဂလန်နိုင်ငံကိုလာရောက်ပြီး
လွတ်လပ်ရေးအတွက်ဆွေးနွေးဖို့
ဖိတ်ကြားခဲ့တယ်။
ဒီတော့ မိုလ်ချုပ်အောင်ဆန်းနဲ့
အဖွဲ့ဟာ အင်္ဂလန်ကိုလွတ်လပ်ရေး
အတွက် အောင်ဆန်းအက်တလီ
စာချုပ်ချုပ်ဖို့သွားရောက်ကြတယ်
မိုလ်ချုပ်နဲ့အဖွဲ့ဟာ
အင်္ဂလိပ်နန်းရင်းဝန်အက်တလီနဲ့
တွေ့ကာ လွတ်လပ်ရေးအတွက်
စာချုပ်ချုပ်ဖို့ ပြောဆိုဆွေးနွေးခဲ့ပေမဲ့
ရုပ်မြင်ပြသနယ်ရေတိုက်ဘွားအချို့က
လှမ်းကဲနှိုက်တယ်။ ဒီပေမဲ့
ရုပ်မြင်ပြသနယ်လွှင့်ယန္တရားတွင်
များကာထွက်ခဲ့ကြလို့ အောင်ဆန်း
အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့တယ်


ဗိုလ်ချုပ်ဟာ မြန်မာနိုင်ငံ
လွတ်လပ်ရေးမှာ တိုင်းရင်းသား
စည်းလုံးညီညွတ်မှုနဲ့ သာ
ဓနိုင်ကြောင်း ကောင်းကောင်း
သတ္တောပေါက်ပြီး အင်္ဂလန်က
ပြန်ရောက်ရောက်ချင်း ရှမ်း၊
ကချင်၊ ချင်းတောင်တန်းဒေသ
တွေကို သွားရောက်ကာ
တိုင်းရင်းသား စည်းလုံးညီညွတ်
ရေးအတွက် ကြိုးစားတော့တာပဲ



ဗိုလ်ချုပ်အောင်ဆန်းနဲ့အဖွဲ့ဟာ
၁၉၄၇ ဖေဖော်ဝါရီလ ၁၂ ရက်မှာ
ရှမ်းပြည်နယ် တောင်ပိုင်း
ပင်လုံမြို့ကို ရောက်လာပြီး
ပြည်မတောင်တန်း မခွဲခြားဘဲ
လွတ်လပ်ရေးကို တစ်စုတစ်ဝမ်းတည်း
ရယူဖို့သဘောတူဆုံးဖြတ်ခဲ့တယ်..
ဒီလိုနဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့
တောင်တန်းဒေသတိုင်းရင်း
သား ကိုယ်စားလှယ် ၂၁
ယောက်ဟာ ဖေဖော်ဝါရီလ ၁၂
ရက်နေ့မှာ လွတ်လပ်ရေးရဲ့
အခြေခံအုတ်မြစ်ဖြစ်တဲ့
ပင်လုံစာချုပ်ကို အောင်မြင်စွာ
ချုပ်ဆိုနိုင်ခဲ့ကြတာပေါ့..


ဒီ ပင်လုံစာချုပ်ဟာ ဗိုလ်ချုပ်
အောင်ဆန်း နဲ့တကွ တိုင်းရင်းသား
ခေါင်းဆောင်ကြီးများက ကြိုးပမ်းတဲ့
အပြော်အပြေနဲ့ အခက်အခဲပေါင်း
များစွာကို ကျော်လွှားရင်ဆိုင်ပြီးမှ
ရရှိခဲ့ပါဆိုနိုင်ခဲ့တဲ့ စာချုပ်ကြီး
ဖြစ်လို့ ဒီစာချုပ်ကြီးကို အောင်မြင်စွာ
ချုပ်ဆိုနိုင်ခဲ့တဲ့ ၁၉၄၇ ခုနှစ်
ဖေဖော်ဝါရီလ (၁၂) ရက်နေ့ဟာ
မြန်မာ့သမိုင်းနဲ့ မြန်မာတိုင်းရင်းသား
တွေမှာ အလွန်တန်ဖိုးကြီးလှပါတယ်
တော်တန်းပြည်သူ့
ပူးပေါင်းရေးစစ်ချုပ်
ဗကျာက်တိုင်


ဒါကြောင့် မြန်မာတစ်မျိုးသားလုံးကို
ကျွန်ုပ်ဘဝ က ကယ်တင်ပေးခဲ့တဲ့
ပင်လုံစာချုပ်ရဲ့ တန်ဖိုးနဲ့ တိုင်းရင်းသား
စည်းလုံးညီညွတ်ရေးရဲ့ အရေးကြီးပုံ
တို့ကိုသတိရပြီး ထာဝရတည်တံ့သွားအောင်
စုပေါင်းကာကွယ်စောင့်ရှောက်သွားနိုင်ဖို့
ပေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်သိထောင်စုနေ့
အဖြစ် သတ်မှတ်ခဲ့ရခြင်းဖြစ်တာပေါ့ကွယ်..
ကလေးတို့ရဲ့
မောင်ရဲ့သူ
ရန်ကုန်တက္ကသိုလ်
၇၃၀၂၀ရေ့

ပုပ္ပါးဝိုးခြောက်ကြီး

သရုပ်ဖော် ဝါးကောင်း




တောအုပ်အလယ်ဗဟို..ရောက်ဆောအာခါ..
ခေးရွာသားကိုင်ဆောင်ပြီးတော်သော..လူဆိုးတစ်ဦး
သည်..ပုန်းအောင်းနေရာမှ..တွက်ယာကာ..
သူတို့..နှစ်ဦးကို..ရန်ပြုလေတော့၏..
ဟာ..ဟုတ်..ဟုတ်ကဲ့...
အသက်ကိုတော့..ချမ်းသာ
ပေးပါခင်ဗျာ...ပါလာတဲ့..
ပစ္စည်း..ဥစ္စာတွေကို..ပေးပါ
မယ်...
ဟိတ်...ရေလိုက်...
မဖြတ်ဘို့..အသက်မသေချင်ရင်
ပါတဲ့..ပစ္စည်း ဥစ္စာတွေ...
ပေး ခဗျ်း...
ဆရာ..တပည့်နှစ်ဦးသည်..ခေးရွာသားကိုင်ဆောင်
သော..လူဆိုးကို..မယှဉ်ပြိုင်သာတော့ပြင်..ပါလာ
သော..ပစ္စည်းဥစ္စာများကို..ပေးရလေတော့
သည်... ...။
ဒို့သော်..လူဆိုးသည်..သူတို့နှစ်ဦးကို..
ငွေကြေး ရတော်လည်း..လွှတ်မပေးဘဲ..
အသက်ကိုပါ..ရန်ရှာလေတော့၏..
မင်းတို့ကို..လွှတ်လိုက်ရင်..
ငါ့လည်ပင်း..ငါ..ကြိုးကွင်းဝယ်သာဒို့..
ပြဿနာမပေါ်..ဒီတော့..အပြတ်ရှင်း
မှပါ... ...။


ထိုစဉ်..ထင်းခွဝါသမားတစ်ယောက်ဝင်လာသည်..မမျှော်လင့်ဘဲထိုနေရာသို့..ရောက်လာခဲ့လေသည်.. ....
ဟာ...လူနှစ်ယောက်ကို..
စားနဲ့ထိုးခဲ့တဲ့သတ်..နေပါလား..
စားကိုင်တားတဲ့လူဟာ..ရှမ်းဥင်ကြမ်းတမ်းတဲ့အတွက်..လူဆိုးယဲ့ဖြစ်ရမယ်..
လူဆိုးသည်..ဆရာတပည့်နှစ်ဦးဟား..စားဖြင့်ခုတ်သတ်ရန်..ကြိုးစားလေရာ..ဆရာတပည့်နှစ်ဦးမှာ..ကြိုးစား၍..ရောင်ဝတိမ်းနေရုပါဆော့သည်.. ....
ဒိုး
ထင်းခွတ်သမားသည်..ဟဘြေဟာနေကို..ရိပ်စားမိသဖြင့်..လူဆိုးဟား..ထင်းခွတ်စားဖြင့်..ထဲ့ဝင်ပါဆော့သည်..
မတရား..လုပ်ချင်တဲ့ကောင်..သေပေတော့..
ဆရာတပည့်နှစ်ဦးလည်း..ဟား..တက်သွားကာ..လူဆိုးကို..ဝိုင်းဖမ်းရန်..ကြိုးစားကြပါဆော့သည်.. ....
မိုက်ဟောင်းဖမ်းဟေ့..
မလွတ်စေနဲ့...


ကျေးဇူးတင်လိုက်တာ..
နောင်ကြီး..ဟယ်.. နောင်ကြီး..သာ
ရောက်မလာရင်..ကျုပ်နဲ့..ကျုပ်
တပည့်တော့..သေပြီ...
ရပါတယ်မျာ..ကူညီ
ခွင့်ကြုံလို့..ကူညီရတာ
ပါ....
နောက်ခဏ်တွင်..လူခြိုးသည်..အခြေအနေ..
မဟန်တော့မှန်း..ရိပ်မိသဖြင့်..သူစားနှင့်
ငွေထုပ်ကို..ထား..ခဲ့ကာ..တိုနေရာမှ..ထွက်
ပြေးလေတော့သည်..
ဆရာသည်..ထင်းခုတ်သမား..ကို..များ..ခြာ..
ကျေးဇူးတင်သဖြင့်..လူခိုး..ထား..ခဲ့သော..
ငွေကြေး..များ..အပြင်..သူတို့ပါလာသော..
အိတ်ဆောင်နာရီလေး..ကိုပါ..ပေး..လေ..ရ..
ထင်းခုတ်သမား..သည်..နာရီကို..တစ်ခါမျှ..မ
မြင်ဖူး..သဖြင့်..မေးမြန်း..ရာ..ဆရာက..နာရီ
ကြည့်ပုံ..ကြည့်နည်း..နှင့်..အချိန်ကို..သိရ..ကြောင်း..အ
လုပ်ကို..တွင်ကျယ်စွာ..လုပ်နိုင်ပုံကို..ရှင်းပြပါ..ရ..
ကျေးဇူးဆပ်ပါပါ...
လက်ခံပါ..ခင်ဗျာ..
ဒီဟာလေးက..
ဘယ်ကို..သုံး..ရသလဲ..


ပြန်မယူပါဘူးကွယ်...မောင်ရင်
ဟာ..တို့ကို..မကူညီဘဲ..ရှောင်တွေကိုသွား
ရင်..ရဲ့သား..နဲ့...တကယ်အိတ်ကောင်ရှိလို့
ကူညီခဲ့တာပေါ့...." ဒုက္ခရောက်နေသူကို ကူညီ
တတ်တဲ့..မောင်ရင့်ကို..ဒီထက်ပိုပြီး..ပေးချင်
ပါတယ်...တို့လဲ..ခရီးမဆက်တော့ဘဲ..ဒီမှာ
ပြန်တော့မှာမို့..ငွေမလိုတော့ပါဘူး
ကွယ်...
ဟာ...ဒါဆို..ဒီနာရီလေးပဲ
ပေးခဲ့ပါ...ငွေကြေးကတော့..ပြန်
ယူသွားပါခင်ဗျာ...ဆရာတို့လည်း
လမ်းမှာ..ဘဝဲ့ငှဲ့ပါ..ဒါမှ
မယ်!...
သူတို့သည်..တိုးနေရာမှာပင်..လမ်းခွဲကြ
လေ၏...ဆရာသည်..တပည့်အား..ဘတွေ့
ဘကြုံသာဆ်..တဆဲ့..ပေးလိုက်ရသဖြင့်ကျေ
နပ်နေတော့၏...
ထင်းခုတ်သမားသည်..သူ့ရတနာ..သောနာရီကို..
အလွန်နှစ်သက်ပြီး..ဘရေပါ..တကြွကြွကြွ
ရှိနေရာမှ..နှစ်ရက်ခန့်..ကြာသောအခါ..နာရီ
သည်..ဂက်ရပ်သွားပြီး...အချိန်ကို..မပြနိုင်
တော့ချေ.....
ဟာ..ရပ်သွားပြီ...
ဘယ်လိုဖြစ်ရပ်ပါ
လိမ့်...

နာဂီ ခက်ပြန်ဒဂွားဖောင်းလှဟဲသည့်နည်းကို..
သစ်ခွတ်သမား..မသိသာဘို့ ရွာတံခါး လူများ
ကလည်း..မည်သူမျှ.. နား မလည်ခဲ့ချေ...။



ထင်းခွတ်သမားသည်..သေဆုံးသွားတော..
နာဂီလေးကို..မပစ်ရက်ဘဲ..ဘိမ်းဆည်းတား
ခဲ့ရာမှ...တစ်နေ့တွင်းသူသည်..ဖြူပေါ်ရာက်
၍..ထင်းရောင်းရန် ရှိသောအခါ.. နာဂီပို့လွှင့်
ဆရာ့ကို..ရှာ၍.. နာဂီအကြောင်း..ပြောပြရန်..
စိတ်ကူးဖိတောသည်..။




ထိုကြောင့်..သူသည်..ဖြူပေါ်ထင်းတက်ရောင်း
၍..ကုန်သောအခါ...ဆရာ့ဆီ..အိမ်ကို..စုံစမ်းလေ
တော့၏..။တပည့်ချွေးရွာကို..ပညာသင်ပေးနေ
သော..ဆရာဖြစ်၍..အလွယ်တကူ..စုံစမ်း၍.. ရနိုင်
ပေသည်..။



ဒီဘေဘီ..သူ..ရှေ့..မေးမြန်းသူမှာ..လူလိမ်
တစ်ယောက်ဖြစ်နေလေသည်..။ထိုသူသည်..
သူ့အား ဆရာ့အိမ်ကို..မပြောဘဲ..မေးခွန်း
တွေကိုလေသည်..။




ထင်းခုတ်သမားသည်.. နာရီကိုတဉ်တဂြိုးပြုလုပ်သောအခါ.. နာရီတန်ဖိုးကို သိသောလူလိမ်သည်.. ဣန္ဒာဟို့ ဆိုပြန်လေ၏.....
အင်း.. နောင်ကြီး.. ခဏကြီး: ကို...သွားပြောလဲ.. မိတ်မကောင်းရဲ့ ဂျိုးမှာပါ...။ ဒီမြို့မှာ.. နာရီသောတွေ... မြုပ်ပိတဲ့နေရာ.. ရှိတယ်...။ ကျွန်တော့် နာရီလေးကိုလဲ.. အဲဒီနေရာမှာပဲ မြုပ်ထားတယ်... မိတ်ခွေးအချိန်ရရင်.. ကျွန်တော် သွားမြုပ်ပေးပါမယ်...
ကြောက်!... ဖြစ်မှ.. ဖြစ်ရလေမျာ... နာရီဆိုတာ.. ဒီလိုပဲ.. သေတတ်တယ်မျ... မိတ်ခွေးနာရီသေလေးကို.. ကျွန်တော်.. ကြည့်ပါရဆေ... မိတ်မကောင်း ယူနိုးပါမျာ...
ဒါဆိုရင်.. ကျွန်တော့် နာရီလေးကို.. ကျွန်တော်ကိုယ်တိုင်.. မြေမြှုပ်ချင်တယ်.. ကောင်းရင်းရပယ်...
မြှုပ်ပါမျာ.. အဲဒီနေရာကို.. ကျွန်တော်.. လိုက်ပြပေးပါမယ်...
လူလိမ်သည်.. ထိုသို့ခုတ်သမား.. ကို.. လူရှင်းသောမြို့.. ဗိန္ဓိဂို.. ကုင်းပြင်တခုဆီသို့.. ခေါ်ဆောင်သွားပြီး... နာရီကို.. မြေမြှုပ်.. ခိုင်းပါတော့မှ.....


ထင်းခွဲတဲ့သမား...တွင်းတူးရှာ..နာရီလေးဘာ
တွင်းထဲဝင်သွားလို့ကယ်ဘူးဆိုကာ
သေအောင်..စိတ်ဝင်စား..စွာ..ကြည့်နေရာမှ..အကျိုး
အကြောင်းကို..မေးမြန်းလိုက်ပါတော့...
နာရီကို..ဘာလို့..မြေကြီး
ထဲမှာ..ထည့်မြှုပ်ဖို့..လုပ်နေရ
တာလဲ..မိတ်ဆွေ...
ထင်းခွဲတဲ့သမား..က..အကြောင်းစုံ..ပြောပြလိုက်
သောအခါ..ထိုသူသဘော..လူလိမ်ကို..မျှား..စွာ..
စိတ်ဆိုးသွား..လေတော့တဲ့...
ဟော်ကောင်...ဒီလူ..ပြန်သွား
ရင်..မင်းက..နာရီကို..ဖော်ပြီး..ယူမလို့
မဟုတ်လား...က..မြို့ဝန်ကို..အတိုင်
မသိချင်ရင်..မင်း..ဒီနေရာကနေ..မြန်
မြန်..ထွက်သွား..ပေတော့...
ထိုလူ၏..စကား..ကြောင့်..လူလိမ်လည်..
ကြောက်ရွံ့..စွာ..ထွက်ပြေးသွား..ပါတော့
သည်...။ထိုအခါ...
မိတ်ဆွေရဲ့..နာရီဟာ..သေဆဲ
သွား..ခြင်း..မဟုတ်ပါ...။ စက်ရပ်သွား
ခြင်း..သာ..ဖြစ်တဲ့..အတွက်..ပိုင်ရှင်ဖြစ်တဲ့..
ဆရာကြီး..ဆီကိုသွား..ပြီး..စက်နိုး..အောင်လုပ်
တဲ့..နည်း..ကို..သင်ယူပါက..သင့်..နာရီ..ပြန်
ကောင်းသွား..ပါလိမ့်မယ်..
အင်း...နောင်ကြီး..ကို..ကျွန်တော်..
ကျေးဇူးတင်မိသလို့..နောင်ကြီး..ရဲ့..စိတ်
ဓာတ်ကိုလည်း..လေးစား..သွား..ခဲ့ပြီ..ဗို့..
နောင်ကြီး..ပါ..ဒီ..နာရီကို..ယူသွား..ပါတော့..။
ဒီနာရီလေး..ရက်ရယ်သွား..ကတည်းက..
ကျွန်တော်ဟာ..အဆုံးထား..ပြီး..သား..ပါ..
နောင်ကြီး..ရောက်မလာရင်လည်း..
ဟိုလူလိမ်ဟာ..ဒီနာရီကိုယူသွား
မှာပါ.....


ထင်းခွတ်သမား-က.. နာရီလေးကို..ကျေကျေနပ်နပ်နှင့်ပေးသောကြောင့်..လူဖိုမိုးသည်..လက်မခံပေ.။ သူသည်..ထင်းခွတ်သမားနှင့်နာရီအကြောင်းကို.. အစအဆုံးသိပြီး..ဖြစ်၍.. ထိုနာရီကို..ထင်းခွတ်သမား-ဘာ..ရတိုက်သည်ဟု..ပြောဆိုလေသည်..။
မိတ်ဆွေဟာ..ဆရာကြီး-ရဲ့..သူ့တပည့်အသက်ကို..အသက်ဆွဲနှိုက်ကာကယ်ပေးခဲ့ဖို့..လက်ဆောင်အနေနဲ့..မှန်မှန်မြတ်မြတ်ရတနာ-တာ..မဟုတ်လား..။ ကျွန်တော်ကာ..မိတ်ဆွေအတွက်..ဘာမှ..ပင်ပင်ပန်းပန်း-မရှာပါရဘဲ..ဟို..လူငယ်မကို..စကား-တစ်ခွန်း-လောက်သဲ့..ပြောရတာပါ..။ မယူပါရစေနဲ့ဗျာ..။
နောင်ကြီး-ဘာ..မပြောရင်..ကျွန်တော်..ဒီနာရီကို..ဆုံး-ရှုံး-ရမှာပါလေ..။ ဒီတော့..ဘာပဲပြောပြော..နောင်ကြီး-ပဲ..ရတိုက်ပါတယ်ဗျ..။
သူတို့နှစ်ဦး-သည်..အတန်ကြာမောင်..ငြင်းခုံနေကြပြီး-နောက်ဆုံးတွင်..လူစိမ်း-ဏ..တို့ဂိုက်တွန်းချက်အရ..ဆရာကြီး-ထံတွင်..အဆုံးအဖြတ်ခံယူရန်..ဘတောတူလိုက်ကြကာ..ဆရာကြီး-ထံသို့..မေးမြန်းရှိ..ကောက်ရိုးဟာခဲ့ကြပြီး..နာရီအား..မည်သူ့ကို..ပေးသင့်ကြောင်း-ဆုံးဖြတ်ပေးရန်..တောင်းပန်ကြလေသည်..။
ကဲ..ဆရာအဆုံးအဖြတ်မပေးခင်..ငါတပည့်ကို..မေးကြည့်ရဦးမယ်..သူတို့နှစ်ယောက်မှာ..ဘယ်သူက..ပိုပြီး..ချို့-သား-တယ်..ထင်သလဲ..။


ဒီကိန်း..တပည့်ပြောတာလည်းမဆိုးပါဘူး...ဒါပေမဲ့..သောသောချာချာစဉ်းစားကြည့်ရင်..ထင်းခွတ်သမားဟာ.မသိနားမလည်ဘူးဖြစ်ပြီး..ဒီလူဖိမ်းဖိတ်ဆွေကသိနားလည်ဘူးဖြစ်တယ်။သူတို့နှစ်ယောက်စလုံးဟာပင်ကိုယ်အားဖြင့်..ရိုးသားကြတယ်၊ဒါပေမဲ့...မသိနားမလည်တဲ့သူအပေါ်..အပြစ်ကောင်းမယူဘဲ.သိနားလည်အောင်ရှင်းပြပြီး...အမှန်ဖြစ်ဆောင်..ကြံစားတဲ့လူက.ဟိုပြီး..ရိုးသားတယ်လို့ခေါ်နိုင်တယ်..ကွဲ...
ထင်းခွတ်သမားဟာ..နာရီရဲ့အကြောင်းကိုတောင်.မသိတတ်အောင်.ရိုးသားပါတယ်၊ပြီးတော့.သူဟာ.လူလိမ်ရဲ့.ကောက်ကိုလည်း..အလွယ်တကူ..ယုံတယ်...အဲ့..ဒီနောင်ကြီး.ပြောတော့..အမှန်ကို..သိပြီး...သူ့အလှည့်နဲ့ခြေသက်တဲ့နာရီကို..မတွန့်မဆုတ်ဘဲ.ပေးတဲ့အတွက်.ထင်းခွတ်သမား.က.ဟိုပြီး..ရိုးသားပါတယ်၊ဆရာကြီး...
ဆရာကြီး.ရဲ့.အမေးကို..တပည့်ဖြေခဲ့ဘူးသည်.အတိုင်းကြာ.ခဲ့ပြီးမှ...အဖြေပေးလေရဲ့..
ဘာပဲ.ဖြစ်ဖြစ်..မောင်ရင်ဝတို့နှစ်ယောက်လုံးဟာ.ရိုးသားဖြူစင်မှုကြောင့်..ကွဗာပြုချီးကျူးတိုက်တဲ့သူတွေ.ဖြစ်နေတယ်။..ဒါကြောင့်.နှစ်ယောက်စလုံးဟာ..နာရီတစ်လုံးစီ..ရသင့်ပါတယ်၊
ဟိုဘဲ့..ရှင်းပြလိုက်ပြီး.နောက်..ဆရာကြီးသည်.လူစိမ်းဟာ..နာရီတစ်လုံးလက်ဆောင်ပေးလိုက်သလို..ထင်းခွတ်သမား.ကိုလည်း..နာရီအမြဲရှင်သန်ရန်..ဓာတ်ခဲနှစ်လုံးကို..အသေအချာသင်ပြပေးလိုက်ရ...တပည့်ဖြစ်သူက.တော့..အလွန်ဇာတ်ဝင်ခံစားသောသင်ခန်းစာများ.ရရှိသွားပါတော့သတဲ့....
ပြုံး

တိုင်းရင်းသား-စုံဖြင်

မဟာညီအကိုတွေ ဘုန်းကြီးသံဃာ...





တောကြီးသေလာက တောခွေးဖိုးနီဆီကိုဟိုးတောကြီးအစွန်မြနဒီချောင်းနံဘေး လူတို့နေရာ လွမ်းမြိုင်ကျေးက အိမ်ခွေးဖိုးစည် အလည်ရောက်လို့ လာသတဲ့။ ဒီလိုပဲ ဖိုးစည်ဟာ တောကြီးသေလာထဲကို မကြာခဏ ပေါက်ပေါက်လာလေ့ရှိသတဲ့။

ဖိုးနီကလည်းဖိုးစည်ကိုမျှော်နေလေ့ရှိတတ်တယ်။ ဖိုးစည်လာရင် လူရုပ်လူရွာက ထွေရာလေးပါး သတင်းပလင်း ကလေးတွေကို စုံစီနဖာ နားထောင်ရလေ့ရှိတတ်တာကိုး။

အခုလဲကြည့်။ ခရီးရောက်မဆိုက်မှာပဲ လူတွေရဲ့ ရွာမှာ ခြိမ့်ခြိမ့်သဲ ကျင်းပနေတဲ့ ဒီမိုကရေစီရွေးကောက်ပွဲကြီး အကြောင်းနဲ့ လူတွေအချင်းချင်း အုပ်ချုပ်ကြပုံ အကြောင်းတွေကို မစားရဝံမခမန်း အာပေါင်းအာရင်းသန်သန် ဦးကာချဲ့ ပြီး မြိန်ရည်ရှက်ရည်ပြောနေလေရဲ့။

လူတို့ရဲ့ ရွာမှာအကြီးအကဲအဖြစ် အများ သဘောကျတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ရွေးကောက်တင်မြှောက်ကြရတဲ့ အကြောင်း၊ အဲဒီလူကြီးကို "သူကြီးမင်း" လို့ ခေါ်ရတဲ့ အကြောင်း အဲဒီလူကြီးရဲ့ အမိန့်သြဇာကို တစ်ရွာလုံးက နာခံကြရတဲ့အကြောင်း အဲသလို နေထိုင်ကြတဲ့အတွက် လူရုပ်လူရွာကဟာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ နေပျော်ထိုင်ပျော်ရှိပြီး ဖွံ့ဖွံ့ဖြိုးဖြိုးရှိနေအကြောင်း အိုး. . . စုံလို့ စုံလို့ပါပဲ။ သိတဲ့အတိုင်း လူနဲ့နီးနီးနေရတဲ့အိမ်ခွေးဆိုတော့ အာဝဇ္ဇန်းကလည်းရွှင်မှရွှင်တံတွေးစဉ်အောင်ကို ပြောတော့တာပဲတဲ့။

ဒါပေတဲ့ ဖိုးနီရဲ့နားထဲမှာ တစ်ခုပဲ စွဲကျန်ရစ်ခဲ့တယ်။ အများသဘောကျ တစ်ယောက်ယောက်ကိုရွေး အဲဒီတစ်ယောက် ယောက်က ညွှန်ကြားအမိန့်ပေးတဲ့တိုင်း တသဝေမတိမ်းလိုက်လုပ်ကြ။ အဲဒီ တစ်ချက်ကို ဖိုးနီဟာ နားထဲစွဲပြီး နေသတဲ့။ "လူသားတွေ လုပ်သလိုမျိုး တောကြီးသေလာမှာလည်း လုပ်ရင်ကောင်းမယ်" လို့ တွေးမိသတဲ့။ သူ့ဆရာ ခြင်္သေ့ကြီးဖိုးရာဇာကို တောရဲ့ဘုရင်အဖြစ် တင်မြှောက်ဖို့ကိုလည်း ကြိတ်ပြီးတွေးထားလိုက်သေးတယ်။ အဲဒါမှာလည်း သူ့ဆရာရဲ့ဘုန်းရိပ်ကံရိပ်ကိုခိုပြီး သူပါ စိန်နားကပ်အရောင်နဲ့ပါးပြောင်နိုင်မှာလေ။

"တို့ ခြေလေးချောင်း တောသတ္တဝါတွေလည်း လူတွေရဲ့ အတုကိုယူပြီး တစ်ဦးဦးကို တောဘုရင်အဖြစ် တင်မြှောက်ရရင် သိပ်ကောင်းမှာပဲ။အဲဒါမှ အချင်းချင်း လည်းညီညွတ်မယ်။ အမိန့်အာဏာ တစ်ခုအောက်မှာ ချမ်းချမ်းသာသာနေကြရမယ်" လို့လည်း သူနဲ့တွေ့သမျှကို တောသတ္တဝါတွေကို လျှောက်ပြောသတဲ့။ အဲဒါနဲ့တင် မပြီးသေးဘူး။ သူ့ဆရာ ခြင်္သေ့ကြီးကိုလည်း လူအချင်းချင်း အုပ်ချုပ်ကြသလို တိရစ္ဆာန်အချင်းချင်း အုပ်ချုပ်သင့်တဲ့ အကြောင်းနားချပြီး မြှောက်ပေးသေးရဲ့။ တောဘုရင် မြှောက်ခဲ့ရင်တောင် သူ့ဆရာခြင်္သေ့ကြီးကိုပဲ ရွေးချယ်သင့်တဲ့ အကြောင်းကိုလည်း မသိမသာစောင်းပါးရိပ်ခြည်နပ်ကြောင်းပေးလေသံပစ်လိုက်သေးသတဲ့။

ဘာပြောကောင်းမတုန်း တောခွေး ဖိုးနီရဲ့ အတို့အထောင်စကားကို သူ့ဆရာခြင်္သေ့ကြီးက လွှတ်သဘောကျတော့တာပေါ့။ " ဒါသိပ်ကောင်းတဲ့အကြံပဲ။ တို့မျှားလည်း အုပ်ချုပ်သူ တောဘုရင်တစ်ပါးတော့ မဖြစ်မနေတင်မြှောက်ကြမှပဲ" လို့တွေးတွေးဆဆပြောသတဲ့။ အဲဒီ တောဘုရင်ဟာ သူပဲ ဖြစ်သင့်တယ်လို့လည်း သူ့ဘာသာသူ သာသာထိုးထိုးကလေး အမှတ်တွေများ ပေးနေမိသတဲ့။ နီးရာစပ်ရာ တောတိရစ္ဆာန်ကလေးတွေကိုလည်း ရွှင်ရွှင်ချိုချိုနဲ့ ဆက်ဆံလို့ တောဘုရင်တစ်ပါးရှိသင့်တဲ့အကြောင်း အဲဒီပုဂ္ဂိုလ်မျိုးဟာ တောတိရစ္ဆာန်တွေ အားလုံးက အားကိုးထိုက်တဲ့ လက်ရုံးရည်၊နှလုံးရည်နဲ့ပြည့်စုံသူဖြစ်ထိုက်ကြောင်းရွှန်းရွှန်းဝေအောင် ပြောဆိုစည်းရုံးလို့တဲ့။ တောကြီးသေလာမှာ အလွန်မျက်နှာမာ မျက်နှာထားကြီး တဲ့ ခြင်္သေ့ကြီးကို အခုလို ပျူပျူငှာငှာ တွေ့ဖူးကြရတာဟာဖြင့် ဒါဟာ ပထမဦးဆုံးပဲ ဆိုတယ်ကိုး။



ပြောကြပါစို့ကွယ်။ မကြာခင်မှာပဲ တောကြီးသေလာက တောတွင်းပျော် တိရစ္ဆာန်တွေအဖို့ တောဘုရင်ရွေးကောက်ပွဲ ကြီးရဲ့အရေးကိစ္စဟာ အလွန်အင်မတန်တာစားပြီး အရေးပါလာတော့တယ်။ ဟိုမှာလည်း သည်အကြောင်း သူ့အုပ်စုနဲ့သူ ကိုယ်အုပ်စုနဲ့ကိုယ် တီးတိုးတီးတိုးသဖန်းပိုး လုပ်နေကြလို့ အခွင့်အရေးကြုံခိုက် တော့ဘုရင်လုပ်လိုက်မဟဲ့လို့ကြိတ်ကြံထားကြတဲ့ဗလကြီးဖိုးရွှေကျားတို့ ကြံ့ကြီးဦးသူတော်တို့ တစ်ကိုယ်တော် မိုက်ခဲကိုကြီးကျွဲတို့ စပါးကြီးမွေ့ အာပေါင်နီတို့ဟာဖြင့် လွှတ်ရေပန်းစားပြီး အရေးပါးလှသကိုး။

တောကြီးသေလာမှာ ဒီလိုဒီအကြောင်း ဖြစ်ပျက်နေတာတွေကို လင်းယုန်ငှက် "အာဝါး"က သူ့မိတ်ဆွေကြောင်ကြီး "ဗိုက်ပူ"ကိုပြောသတဲ့။ ဗိုက်ပူက လွမ်းမြိုင်ကျေးဆိုတဲ့ လူရုပ်လူ.ရွာက အိမ်မွေးကြောင်ကြီး တစ်ကောင်ပေါ့။ လူနဲ့အနေနီးတော့ လူတွေလိုပဲ ကြံရည်ဖန်ရည်ကောင်းတယ် နှုတ်စလျှာစရှိတယ်။ ဥပဓိကလည်း ပြောင်ပြောင်ရောင်ရောင်ရှိပ။ ဒီတော့ ဒီတောဘုရင် ရွေးကောက်ပွဲ အကြောင်းလည်းကြားရော "အင့်ဟင် . . . ခြေလေးချောင်းရှိတဲ့ တိရစ္ဆာန်ဆိုမှာဖြင့် တောမှကြီးကြီး ရွာကြီးကြီးငါတို့လည်းပါသင့်တာပေါ့။ ငါတို့လည်း တောဘုရင်ဖြစ်ဖို့ အခွင့်အရေးရှိရမှာပေါ့။ ဒါဟာငါတို့ရဲ့မွေးရာပါ ကြောင်အခွင့်အရေး ကြောင်ဒီမိုကရေစီပဲ။ ငါလည်းတောဘုရင်ဝင် အရွေးခံမှဖြစ်မယ်။ တောမှာမွေး တောမှာကြီး လောကကြီးအကြောင်း လိပ်ပတ်လည်အောင် ဂဃနဏာမသိရှာတဲ့ တောသား အူလူးတွေက နမူးနကန်းနဲ့ တောဘုရင်တက်လုပ်တော့ရောဘာပိုထူးလာမှာ တဲ့တုန်း။ ငါတို့လိုလူနဲ့ နီးနီဘုဏ်ကြီးကြီး ပရိယာယ်ကြွယ်ကြွယ်ကြောင်လည်မျိုးကမှ ဟုတ်တုတ်တုတ်ရှိသေးတယ်။ ဟေး . . . ဟေး . . . ဟေး . . . ငါလည်း တောဘုရင်လုပ်မယ်။ ရွေးကောက်ပွဲဝင်မယ်" ဖြစ်ကရော။ ဒါနဲ့ သူနဲ့တအိမ်တည်းနေ ခွေဖိုးစည်ကို "ဒီလို . . . ဒီလိုတဲ့" လို့ပြောပြတယ်။ ခွေဖိုးစည်က နွားတင်းကုတ်ထဲမှာ စားမြုံ့ပြန်နေတဲ့ နွားကြီးချိုထောင်ကို ပြောပြန်ရော။ ချိုထောင်ကလည်း ဒီအတိုင်းမနေဘူး။ နွားတင်းကုပ်ဘေးကထနောင်းပင်ရိပ်မှာ ကုလားပဲခွံတွေစားနေတဲ့ မြင်းကြီးခွာလိမ်ကို ဖောက်သည်ချပြန်ရော။ သိပ်မကြာလိုက်ဘူး လွမ်းမြိုင်ကျေးက လူမွေးတိရစ္ဆာန် မိတ်ဆွေတစ်စုဟာ တောကြီး သေလာက တောဘုရင်ဖြစ်ဖို့အူမြူးနေတဲ့ ကြောင်ကြီး "ဗိုက်ပူ"က ဆရာကြီးပေါ့။ သူအသံက စာစာ စာစာနဲ့တဲ့။ ပြောလို့သာ ပြောရတာ ဝဝဖြိုးဖြိုးတုတ်တုတ်ခဲခဲကြီးနဲ့ တသွေးတမွေးဖြစ်နေတဲ့ ချိုထောင်ကြီးကလည်း တောဘုရင်ဖြစ်ရင်ချင်တာပဲ။ သူ့ကိုယ်သူ အရိပ်တကြည့်ကြည့်တသသနဲ့ထင်တလုံးဖြစ်နေတာပဲတဲ့။

ဟော . . . တောကြီးသေလာမှာ တောဘုရင်ရွေးမယ့် စည်းဝေးပွဲနေ့ကြီးဟာ ဗြုန်းဆိုရောက်ချလာပါလေရော။ တောနေတွင်းအောင်းသတ္တဝါအပေါင်းမျက်နှာစုံညီရောက်လာကြတယ်။ ခြိမ့်ခြိမ့်သဲသဲကြီးပလေ။ အဲ ဗိုက်ပူတို့ ဖိုးစည်တို့ ချိုထောင်တို့ခွာလိမ်တို့ လူရုပ်လူရွာက အုပ်စုတွေလည်း အချိန်မီရောက်လာကြလေရဲ့။ အဲ . . . ဗျာ၊ သူတို့တွင်လားတဲ့ ဘယ်ဟုတ်မှာတုန်း။ သူတို့တွေတိုးတိုးတိုးတိုးနဲ့အကဲမရဖြစ်နေကြပုံကို အူမွှေနေတဲ့ ကြွက်ကလေး ဖိုးကဲကလည်း အသာလေးနောက်ယောင်ခံပြီး တိတ်တိတ်လိုက်လာသေးတယ်ကိုး။ တောတွင်းသားပေစုတ်စုတ်တွေ အလည်မှာ ဂိုက်ပေးကြမ်းနေတဲ့ သူ့ဘော်ဒါတွေကို အမြင်ကတ်ကတ်နဲ့ အကဲခတ်ရင်းကြည့်နေသတဲ့။

အစည်းအဝေးကြီး စပါပြီ။

ထုံးစံအတိုင်းပဲ ဘကြီးဖိုးဇီးကွက်က တောဘုရင်ရွေးကောက်ပွဲကြီး ကျင်းပရတဲ့ အကြောင်းကို သူ့အသံတုန်ချိုတုန်ချိုပြောနောက်နောက် ကွဲရှရှနဲ့ ရှင်းပြရှာတယ်။ ချောင်းကလည်း တဟွတ်ဟွတ် ဆိုးလိုက်ချေသေး။ အဲ . . သူ့စကားမှမဆုံးသေးဘူး။ တောဘုရင်ဖြစ်ထိုက်တဲ့ အရည်ချင်းနဲ့ ပါတ်သက်ပြီး သဘောထားကွဲကြတော့တယ်။ ပူညံပူညံ အငြင်းအခုံတွေလည်းဖြစ်

လာသတဲ့။

ဖြစ်ဆို သူပဲ သေချာပေါက် တောဘုရင်ဖြစ်ရစေ့မယ်လို့ ကြိတ်ကြံထားတဲ့ ခြင်္သေ့ကြီးဖိုးရာဇာဟာ သူ့တပည့် တောခွေး ဖိုးနီကိုသင်ဉာဏ်ပေးပြီး အဆိုတစ်ခု တင်ခိုင်းလိုက်တာကိုး။ ဖိုးနီက ဒီလိုပြောတယ်။

"ညီတော် နောင်တော်တို့ ကျုပ်တစ်ခု တင်ပြပါရစေ။ တောဘုရင်ဆိုတာဟာ ဟောဒီတောကြီး သေလာတစ်ခုလုံးကို ကိုယ်စားပြုအုပ်ချုပ်ရမယ့် ကိစ္စဖြစ်တဲ့ အပြင် တောကြီးသေလာရဲ့ ဂုဏ်ကျက်သရေပါပဲ။အဲဒီတော့ အများသူတကာ ပြောစရာ ဆိုစရာ မဖြစ်ရလေအောင် တောဘုရင်ကို လက်ရုံးရည် နှလုံးရည်နဲ့ပြည့်စုံပြီး အများသဘောညီတဲ့ ကျားကျားလျားလျား ဖိုသတ္တဝါ များထဲကပဲ ရွေးကောက်တင်မြှောက်သင့်ပါတယ်။ ဒါက ပထမ အချက်ပါ"တဲ့။

ဒီအထိ သိပ်ပြဿနာမပေါ်သေးဘူး။ တောဘုရင်ဖြစ်ဖို့ ကြိတ်ကြံထားကြတဲ့ သူတွေ အားလုံးနီပါးက ဖိုသတ္တဝါအထီးတွေချည်းများနေတာကိုး။ ဒါပေတဲ့ ရွေးကောက်ပွဲဝင်မဟဲ့လို့ အားခဲထားတဲ့ လူဝံမကြီး ဒေါ်ဆုံရယ်၊ ကျားသစ်ပျိုမ ဇတ်ဇတ်ကြဲရယ် တို့ကဖြင့် ဒေါသူပုန်ထနေကြလေရဲ့။ ဒါနဲ့မပြီးသေးဘူးဖိုးနီကဆက်ပြောပြန်တယ်။

"နောက်တစ်ခုက တောဘုရင်ဆိုတာ မျိုးဟာ ဘုန်းကျက်သရေနဲ့လည်းပြည့်စုံမှ ဥပဓိ နဲ့လည်း ညီညွတ်မှသာ အများတကာက ခံ့ညားရိုသေကြတော့မှာပေါ့။ အဲသည်တော့ တောဘုရင် ဖြစ်ထိုက်သူဟာ အခြေလေးချောင်းနဲ့ ပြည့်စုံပြီး ဥပဓိကောင်းတဲ့ ပုဂ္ဂိုလ်မျိုးပဲ ဖြစ်သင့်ပါတယ်။ တိရစ္ဆာန်အင်္ဂါမစုံတဲ့ ခြေနှစ်ချောင်း သတ္တဝါတွေ ခြေမရှိတဲ့တိရစ္ဆာန် တွေဟာ မဲပေးခွင့်ပဲ ရှိပြီး တောဘုရင် အရွေးခံခွင့်မရှိလို့ စည်းကမ်းသတ်မှတ်ပေးပါခင်ဗျာ။ ဒါမှပဲ နောင် သားအစဉ်မြေးအဆက် လူရိုသေတိရစ္ဆာန်ရိုသေလေ့ထုံးတမ်းဖြစ်သွားပါလိမ့်မယ်" တဲ့။

အိုး . . . ခြေလေးချောင်း သတ္တဝါကြီးတွေရဲ့ လက်ခုတ်သံ သြဘာ ပေးသံတွေကဖြင့် သောင်းသောင်းညံလို့ပ။ဖိုးနီရဲ့အာရဲလျှာရဲတင်ပြချက်ကို သဘောကျလွန်းလို့။ ဆင်ကြီးမှုန်မှုန်ဟာ ဖိုးနီကို နှာမောင်းနဲ့လိမ်ပြီး သူ့ဦးကင်းပေါ်ကိုတင်လို့မြှောက်မြှောက်ပြရသေးသတဲ့။

ကျန်တဲ့တောနေသတ္တဝါလေးတွေကတော့ ဘယ်ကျေနပ်မလဲ။ တောတွင်းသားတွေထဲမှာ ပညာအရှိဆုံးလို့ သတင်းကြီးတဲ့ယုန်ပညာရှိ အဖိုးဉာဏ်၊ ခွန်အားဗလအကြီးဆုံးလို့ နာမည်ကျော်တဲ့ စပါးကြီးမြွေကြီး အာပေါင်နီတို့လည်း မှိုင်တွေချလို့တဲ့။

ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ။ ခြေလေးချောင်း သတ္တဝါတွေထဲမှာ အသားစားကြူးပြီး ခတ်ထန်ရန်လိုတဲ့ အားခွန်ဗလကြီးတဲ့တိရစ္ဆာန်တွေက အများဆုံးပဲကိုး။ တစ်တောတစ်တောင်လုံး သူတို့အသံတွေချည်းပဲ ပွတ်လောညံလို့။ အရေးထဲ မိချောင်းကြီးအာဗြဲကို ခြေလေးချောင်း သတ္တဝါပဲ သတ်မှတ်ရမလား ရေနေသတ္တဝါပဲစာရင်းထည့်ရမလား။ တောဘုရင် အရွေးခံသင့် မသင့် ပြဿနာက ပေါ်လာလိုက်သေးတယ်။ တော်ပါသေးရဲ့ အားတိုင်းယားတိုင်း သစ်ရိပ်ကောင်းကောင်းမှာ မှိန်းပြီးအိပ် နေတတ်တဲ့ အပျင်းထူသတ္တဝါ အာပြက တောဘုရင်ဖြစ်ဖို့ စိတ်မဝင်စားလို့။ သူအရွေးမခံဘူးလို့ ပွဲဖြတ်လိုက်သတဲ့။

ခြေလေးချောင်း အသားစားသတ္တဝါကြီးတွေကို ကြောက်ကြောက်နဲ့ တောဘုရင် အရည်အချင်းသတ်မှတ်ချက်ကို လက်မခံချင်ခံချင်နဲ့ပဲ လက်ခံလိုက်ကြရပြီးတဲ့နောက် အချင်းချင်းလက်ဝါးချင်းရိုက်ထားကြတဲ့အတိုင်း အိမ်ခွေးဖိုးစည်က ထတဲ့ပြီး အဆိုတင်သွင်းတယ်။

"မိတ်ဆွေများခင်ဗျာ လောကသုံးပါးရဲ့အရှင်သခင်ဖြစ်တဲ့ လူတွေနဲ့လည်း နီးစပ်တယ်၊ ဂုဏ်နှေ့လည်းရှိတယ် သန့်သန့်ရှင်းရှင်းနဲ့ သိုသိုသိပ်သိပ်လည်းနေတတ်တယ်။ လျင်မြန်မှုမှာလည်း "ကျားဆရာကြောင်ရယ်လို့နာမည်ကြီးတဲ့ ဟောဒီက ကြောင်ကြီးဗိုက်ပူကိုတော့ သတ္တဝါတို့ရဲ့ဘုရင်အဖြစ် တင်မြှောက်ဖို့ ကျုပ်



က အဆိုတင်သွင်းပါတယ်”

“မဖြစ်ဘူးဗျို့ မဖြစ်ဘူး . . မဖြစ်ဘူး”

အသံပိန်ညောင်စူးစူးကလေးနဲ့ကန့်ကွက်တဲ့အသံ ပေါ်လာတယ်။ လား . . . လား ဗိုက်ပူနဲ့ လုံးဝမတည့်တဲ့ ကြွက်ကလေး ဖိုးကဲပေကိုး။

“ တောရဲ့ဘုရင်ဆိုမှဖြင့်အလုံးအထည်ကြီးကြီး ကြံ့ကြံ့ ခိုင်ခိုင်၊ ခန့်ခန့် ညားညား၊ အားခွန်ဗလနဲ့ပြည့်စုံတဲ့သူမျိုးပဲဖြစ်သင့်တာပေါ့။ဒီဗိုက်ပူလိုခွေးပစ်တဲ့တုတ်လောက်ပဲရှိတဲ့ မကောမက အကောင်လေးကို ဘုရင်မြောက်လို့ ဘာအရေးပါမှာတုန်း။ သူများတွေကို အုပ်ချုပ်ဖို့ထားလို့ ခွေးမြင်ရင်တောင် ဖင်သီတန်းအောင် ထွက်ပြေးတတ်တဲ့အကောင်မျိုးမို့ ကျုပ်က ကန့်ကွက်ပါတယ်။

ကြောင်ရဲ့ မိတ်ဆွေ လင်းယုန်ကြီး အာဝါးကဖြင့် နှုတ်သီးကောင်း လျှာပါး အရေးမပါကြွက်စွာ ဝင်လုပ်နေတဲ့ ဖိုးကဲကို ဒေါသဖြစ်လိုက်တာတဲ့။ ကြောင်ကြီး ဗိုက်ပူကလည်း ပရိသတ်ဗိုလ်ပုံအလယ်မှာ မလောက်လေးမလောက်စား အကောင်က လေးက ထကန့်ကွက်ရမလားရယ်လို့ ဆွေးဆွေးကို ခုန်နေပါရော။ “ ဒင်းတော့ ငါနဲ့ကမ္ဘာရန်ပဲ”လို့ စိတ်မှတ်ကြီးကြီးနဲ့တေးထား လိုက်တယ်။ အဲဒီတုန်းမှာ“ ကြောင်မဟုတ်ရင်သူနဲ့မျိုးနွယ်တူပြီး အများက ကြောက်ရွံ့ကြရတဲ့ သူတပည့်ဖိုးရွှေကျားကိုပဲ ရွေးပေါ့” လို့ လင်းယုန်ကြီး အာဝါး ကဝင်ပြောသတဲ့။

“ဟေ့ကောင်ရ ကျားတော့ မဖြစ်ဘူးမောင်ရေ့။ ငါကန့်ကွက်ရလိမ့်မယ်။ ကျားဆိုတာ ကောက်ကျစ်စဉ်းလဲတယ်။ အကြင် နာကင်းပြီး ရက်စက်တတ်တယ်။ သူတစ်ပါးကို သနားချစ်ခင်တတ်တဲ့စိတ်ကလေးတောင်မှ မရှိတဲ့ ကျားကို တောဘုရင် မြောက်လို့သင့်တော်ပါ့မလားကွယ်။ စဉ်းစားကြည့်ကြပါဦး” လို့ နွားကြီးချို့ထောင်က တစ်စခန်းထပြန်သတဲ့။

ဒီတော့ ကြောင်နဲ့ မတည့်တဲ့ခွေး၊ ဖိုးစည်ကလည်း သုတ်ကနဲထပြီးထပ်တွန့်လိုက်တယ်။“ ကိုကြီးနွားပြောတာကို ကျုပ်လည်းထောက်ခံတယ်။ ဘယ့်နယ်ဗျာ ကျားဟာကြောင်ရဲ့အမျိုးအနွယ်မဟုတ်လား။ ကျားက ဘုရင်ဖြစ်ပြီဆိုမှဖြင့် သူ့ဆွေသူမျိုး ဖြစ်တဲ့ကြောင်ကလည်း မာန်တက်ပြီး ဘုရင့်အမျိုးကွ လို့ကျန်တဲ့ သတ္တဝါတွေကို အနိုင်ကျင့်တော့မပေါ့။ အာဏာပါဝါပြပြီး ကြွစောင်း ကြွစောင်း လုပ်တော့မပေါ့။ အဲဒါကြောင့် ကျားကို ကျုပ်ကလည်း ကန့်ကွက်ပါတယ်”

ကဲ . . . ပွဲပျက်ပြန်ကရော။

ကြောင်ကခွေးကိုမျက်စောင်းထိုးလို့ကျားကတော့ နွားနဲ့ခွေးရှေ့တည့်တည့်ကိုလာပြီး “မင်းတို့နှစ်ကောင် သတိထား ပြီးသာနေကြပေတော့။ ငါ့ခွင်ထဲမှာ လာငြိလို့ကတော့ မသာပေါ် ပြီ အောက်မေ့”လို့ ခပ်အုပ်အုပ် ကြိမ်း သတဲ့။

အဲသလိုနဲ့ပဲ ဟိုသတ္တဝါကိုရွေးလိုက် ကန့်ကွက်တဲ့ သူပေါ်လာလိုက် တစ်ကောင်ကို အဆိုတင်လိုက် ဖျက်လိုဖျက်ဆီး ပြောပြီးပျက်သွားလိုက်နဲ့ လုံးလည်ချာလည် လိုက်နေလိုက်ကြတာဟာ တော်တော်နဲ့ မပြီးတော့ဘူးတဲ့။နဂိုတုန်းကညီညီညွတ်ညွတ်နေလာခဲ့ကြတဲ့ တောကြီးသေလာရဲ့ မိသားစုဝင်တွေဟာ စိတ်ဝမ်းအကွဲကြီး ကွဲလာကြတော့တယ်။

ယုန်အဖိုးအို အဖိုးဉာဏ်ကပဲ နောက်ဆုံး အဆုံးအဖြတ်ပေးလိုက်ရတော့တယ်။ မပေးလို့လည်း မဖြစ်ဘူး။ ကိုယ်တိုင်ဘုရင်မဖြစ်ခဲ့ရင်တောင် ဘုရင်ကိုတင်မြှောက်ပေးနိုင်တဲ့ မင်းဆရာလုပ်ရရင်လည်း ဟုတ်တုတ်တုတ် သိပ်မဆိုးလှဘူးမဟုတ်လား။

“ကိုင်းပါကွယ်။ ဣန္ဒြေလည်းရှိ၊ အားခွန်ဗလနဲ့ လည်းပြည့်စုံနိုးနိုးကြားကြားလည်းနေတတ်ထိုင်တတ် အများသူတကာကြားမှာ ခန့်ခန့်ညားညားရှိတဲ့ ခြင်္သေ့ကြီးဖိုးရာဇာကိုပဲ တောဘုရင်အဖြစ်ထားလိုက် ကြပါ–စို့”

“အင်း သိပ်တော့ မဆိုးလှပါဘူး။ ရှိသမျှအထဲမှာတော့ဖြင့် အသင့်မြတ်ဆုံးပါပဲ။ နို့ပေတဲ့ခြွင်းချက်တစ်ခုတော့ဖြင့် သတ်မှတ်ဦးမှကောင်းမယ်”



ဟော...ချိုထောင်ကြီးက လုပ်လာပြန်ရော။ ဘုရင်ဖြစ်ပဟဲ့လို့ရင်မကော့မလို့ဟန်ပြင်နေတုန်း အရှိန်ပျက်အောင်ပဲ လှန့်လိုက်တဲ့ ချိုထောင်ကြီးကို ခြသေ့ဖိုးရာဇာက မျက်လုံးကြီး ပြူးကြည့်နေလေရဲ့။ ပွဲပြီးပြီထင်ပြီး ပြန်ကြမယ်လို့ ခြေလှမ်းပြင် နေကြတဲ့ ပရိသတ်တွေလည်း ငြိမ်လို့ . . . တဲ့။

" ဟောဒီ ကျုပ်တို့ခြသေ့ကြီးဟာ မင်းဖြစ်ထိုက်တဲ့ ရုပ်ရည် ရူပကာရှိပါတယ်။ စွမ်းရည် သတ္တိလည်းရှိတယ်။ လောလောဆယ် သူ့လောက် သင့်တော်တဲ့ သူဖြင့် မရှိတော့ဘူး။ အဲဒါကို ကိုနွားကြီးက ဘာထပ်ပြီး ကွန်ချင်သေးလို့တုန်း"

တောခွေးဖိုးနီက ဝင်အာပြန်တယ်။ ဟုတ်တယ်လေ သူ့ဆရာဘုရင်လောင်းကြီးကို အသေဖားထားမှ သူ့ရဲ့နောင်ရေးက အိုကေ စိုပြေမှာ မဟုတ်လား။

"ဒီလိုပါ...ဒီလိုပါ။ ခြသေ့ကြီးဟာ မင်းဖြစ်ထိုက်တဲ့ အရည်အချင်းနဲ့ပြည့်စုံတာဟာဖြင့် ငြင်းစရာမရှိပါဘူး။ ဒါပေတဲ့ တောဘုရင်လည်း အချိန်တန်ရင် အစားအစာတော့ စားရသေးရဲ့ မဟုတ်လား။ အစာမစားဘဲ ဘယ်နေနိုင်မှာတုန်း။ ကဲ . . . မနေနိုင်လို့ အစာရှာရပါပြီတဲ့ ကျားလို ပုန်းလျှိုးကွယ်လျှိုးခြောင်းမြောင်းပြီး ကူလီကူမာ အစာရှာလို့ဖြင့် မသင့်တော်ပေဘူး။ ကွာန္ဒြေပျက်တယ်။ ကျုပ်တို့တောကြီးသေလာရဲ့ ဝုဏ်ကျက်သရေလည်း ထိခိုက်တယ်"

"အဲ...အဲဒါတော့ဖြင့် ဟုတ်သပေ့။ မှန်တယ်...မှန်တယ်။

ကိုင်း . . . အဲဒီတော့ ကိုနွားကြီးက ဘယ်လိုအကြံပြုချင်သလဲ"

အားလုံးက ဝိုင်းပြီးထောက်ခံကြတယ်။ ခြသေ့ကြီးကို တောဘုရင်အဖြစ် တင်မြှောက်တာကို ငြင်းမရတဲ့အတူတူ အကန့်အသတ်အချုပ်အချယ်ကလေးနဲ့ ချည်ထားတုတ်ထားနိုင်ရင် နိုပ်သဟလို့လည်း တွေးကြသေးရဲ့။

"အဲဒီတော့ကာ တောဘုရင်ဖြစ်တဲ့ခြသေ့ မင်းဟာ အစာမရှာမီ ဟိန်းသံဟောက်သံကို အရင်ပေးပြီးမှ အစာရှာပါ့မယ်ဆိုတာရယ်၊ နာဖျားမကျန်း အိုမင်းမစွမ်းတဲ့ သတ္တဝါတွေ၊ သူတစ်ပါးရှာဖွေထားတဲ့ အစားအစာတွေကို လုံးဝမစားပါဘူးဆိုတဲ့ ကတိရယ်ကိုဖြင့် တိတိကျကျ ပေးစေချင်တယ်. . ."

"ဟုတ်တယ် . . . ဟုတ်တယ်၊ ခြသေ့ကြီး ကတိပေးပါ"

"ကောင်းပါပြီ ကျုပ်အစာရှာထွက်တဲ့ အခါတိုင်း အသံပေးပြီးမှထွက်ပါမယ်"

ကိုင်း...အဲသလိုနဲ့ပဲခြသေ့တွေဟာ ဒီကနေ့အထိ တိရစ္ဆာန်တို့ရဲ့ အရှင်သခင်ဖြစ်နေတာတဲ့။ ခြသေ့တွေ အစာရှာထွက်တော့မယ်ဆိုရင်လည်း သုံးကြိမ် သုံးခါ အသံပေး ဟိန်းဟောက်ပြီးမှတောဝင်ကြရသတဲ့။

လူတွေရဲ့အမူအကျင့်ကို အတုခိုးပြီး တောဘုရင် မြှောက်တာကို ကျင့်သုံးခဲ့ကြလို့ ထင်ပါရဲ့။ ရှေးယခင်က အတူတကွ ချစ်ချစ်ခင်ခင် နေခဲ့တဲ့ တိရစ္ဆာန်တွေဟာ အစုတွေကွဲသွားကြသတဲ့။ ရေနေသတ္တဝါတွေနဲ့ ငှက်မျိုးနွယ်ဝင်ခြေနှစ်ချောင်း သတ္တဝါတွေဟာ ခြေလေးချောင်း သတ္တဝါတွေကို ခပ်ကင်းကင်းပဲ နေကြတော့သတဲ့။ ဖွတ်တို့ ပုတက်တို့ မြွေတို့ကင်းလိပ်ချော တို့ကလည်း အတူတူပဲတဲ့။

ကြောင်နဲ့ကြွက်၊ ကျားနဲ့ခွေး၊ နွားနဲ့ကျားတို့ဟာလည်း ဘယ်လိုမှ မတည့်ကြတဲ့ကမ္ဘာရန်တွေဖြစ်သွားကြတော့သတဲ့။

(အင်းလေးဒေသနေ အင်းသားတွေရဲ့ပုံပြင်တစ်ပုဒ်ပါ။ ပုံပြင်လေးကို ပြောပြတဲ့အင်းသူ တူမလေး မခြူးရွှေကို ကျေးဇူးပါ။)

ချစ်ခြင်းအားဖြင့်
ခွန်းချိုသံသာ

ကာတွန်းဆရာ
ခေတ္တရောစိမ်းထွဋ်
ကာတွန်း ဆရာ သရုပ်ဖော်သည့်

ဝါးတုံးကြီးက စကားပုံ ဝုံပြင်များ



ဟာရုတ်အာရဝင်ဘွဲ့မှာ-
ပြည်ထောင်စု နိုင်ငံပေါ်ချင်း
အချင်းချင်း စစ်ပြိုင်ခင်းကြတဲ့
အချိန်တွေပေါ့၊ ကာလက
ဘီစီ-၄၀၃ မှ ဘီစီ-၂၂၁-
အဲဒီခေတ်က ဟာရုတ်နယ်စပ်မြေ
အရှေ့ဘက်မှာ မဂ္ဂဓကြီးတဲ့-
စကျာက်၊ ဟန်၊ ဝေ့၊ ချို-
ချူး နှင့် ယင်ဒုံ ဆိုတဲ့ ဒေသကြီး
ပြည်ထောင်တို့ဟာ အဝေးမှာက်
ဘက်မှ သူတို့ကိုယက်အင်အား
အသေမတန်ကြီးမား ထောင်
ဝင်းတဲ့ ချင် နိုင်ငံထောက်ကို
ခုခံကာကွယ်နိုင်ရန်အတွက်
ဝန်ကြောက်ပြည်ဝထောင်စုဆည်း
ကာ ပေါ်ပေါက်ပြီးဖြစ်နေချိန်
ကာလ။


ဒါဒီမဟာမိတ် အဖွဲ့ရဲ့ ဦးစီးနာယကဟာ ဓကျောက်နိုင်ငံမှ ဖြစ်ပြီး ဆစ်ရေး ဆစ်ရာ ကိစ္စ ရပ်များကို အဓိက တာဝန် ယူညှိနှိုင်း ပေးရတယ်။
အခုလည်း ဓကျောက်နိုင်ငံ ဘုရင်မင်းမြတ်ဟာ ဆစ်ရေးဆိုင် ရာ ညှိနှိုင်းရေး အမတ်ကြီး ဝဝ့ကြား ကို ချူးနိုင်ငံသို့ အထူးတာဝန်ခံ အဖွဲနဲ့ ရေ လွှတ်ဝတော် မူတယ် တဲ့ ...
ကြယ် အမတ်ကြီး
ဟုတ်ကဲ့
ချူးနိုင်ငံ ဝန်ကြီး ချင်စိန်ကျွင်က ကြိုဆို ဧည့်ခံကာ ဓဒြာက်ပြည်သဘောင် ပူးပေါင်း ဆစ်ဆင်ရေး ကိစ္စ ရပ်များကို ဝဆွေးဝနွေး တိုင်ပင်ကြတယ်။


ညီနှိုင်းဆွေးနွေး
ပြီးအောက်မှာ ဦးဆီးဒေါင်း
ဂဆောင်များ ကုထား သတ်မှတ်
ခြင်းတို့ကို စီစဉ်ကြတာပေါ့၊
ချူနိုင်ငံ ဝန်ကြီးက ....
ဂိုန်ဂုကျွင်ကို
စစ်သူကြီးခန့်အပ်ရန်
ကုထားပါတယ်
ချူနိုင်ငံ ဝန်ကြီး ချင်ဆိန်ကျင် စကားဒါဆုံးမှာတော့ ဝကျာက်နိုင်ငံ ဒါမတ်ကြီး
ဝဝ့ကြား တာဒုံတာဩဇာရှိပါတယ်၊ ဒါဝပမဲ့ အိုးခြံနဲ့ချက်ချင်းဆယ်ကာ...
ပုံတစ်ခုကို
တင်ပြပါရစေ
ဝန်မင်း
ဂပြာပါ
ဂပြာပါ


ပျံသန်းနေသော
ငှက်ကို ဝမ်းခြောင်အောင်
ဝေး၊ ခွမ်း၊ ပြုနိုင်မလား
ကင်လေ အမတ်
ဝေ့ နိုင်ငံ ဘုရင်မင်းမြတ်ထံမှာ
'ကင်လေ' ဆိုတဲ့ အမတ်ပညာကို
တစ်ယောက် ရှိတယ်၊ ဘုရင်ရဲ့
အားထား ယုံကြည်ရသူပေါ့။
တစ်နေ့တော့ ဘုရင်နဲ့ ကင်
လေ အမတ်ဥယျာဉ်ထဲကို လမ်း
ဝေလျှောက်ရင်း ဓောင်းကင်မှာ ပျံ
သန်းနေတဲ့ ငှက်တွေကို အမတ်တစ်
ကြည့်မြင် မိုက်မှ ဘုရင်က ,
အမတ် ကင်လေကို....
မှန်လှပါ မြားတံ
မပါဘဲ လေးဦးတွင်
ပစ်ခတ်ရုံနဲ့ ဝမ်းခြောင်အောင်
ဓောင်ဂွက်နိုင်ပါသည်
အရှင်မင်းမြတ်..
ဝမ်း..
ဟုတ်ပါ့မလား
ကင်လေ


ဘုရင်ရဲ့ ပြစ်ချင်တဲ့ အာသီသ ဆန္ဒ အတွက် ကင်လေက လေးတစ်လက် ယူငင်ကာ လေးညှိကို တင်လိုက်ပြီး ပျံသန်းလာမည့် ဋ္ဌက် ဧကောင့်နေခိုက် အနောက်အရပ်ဆီကပြုည်းညင်း စွာ ပျံသန်းရင်း လေးတွဲစွာ ဒေါက် ခြေလေးဖက်ဖြင့် ဋ္ဌက်တစ်ကောင်ကို ဖတ္တသည်နှင့် လေးကိုမဲ့တင် ချိန် ဂွယ်ပြီး သူ့တည့်တည့်သို့ ရောက် သော် ဧကောင်းကင်ဆီ လေးညှို့ ကြိုးကို အားကုန်ဆွဲ လွှတ်လိုက် ပါသတဲ့....
ဗြောင်း...
လေးညှိသံနှင့်အတူ. ဧကောင်းကင်က ပျံနေတဲ့ ဋ္ဌက်ဟာ ရမြေပြင်ဆီ ထိုးကျလာတော့...
မင်းကြီး တဲ့ တာ ပြစ်တာပါ...


ကင်ဂလ
သင်ရဲ့ ဂလေးပညာ
အစွမ်းကား ကြီးမား
လှပါပေတယ်
မှန်လှပါ
ကျွန်ုပ်အနေ
ဂလေးပညာ အစွမ်း
ဂကြောင့် မဟုတ်ပါ
အရှင်မင်းကြီး
ဒါပေါ့ ဒါပြုင့်ဂင်
ဘာဂကြောင့်မျှားလည်း
ဂမောင်မင်းရဲ့
မှန်လှပါ ကျုပ်ဂက်တွင် အကောင်းမသေသော အကျဂကြောင့် လေးညှို့သံကြားရုံ
ပြင့် ဂသွေးလန့်ပြီး ဂကောင်းကင်က ကျလာခြင်းသာ ပြစ်ပါတယ်။

အဲဒါကို ဘယ်မင်းက
ဘယ်လိုလုပ်ပြီး သိနိုင်
မှာမုန်းရတာလဲဟဲ့ ..
မှန်ပါပါ ကျွဲငှက်ဆီ
ပျံသန်းပုံမှာ အခြားငှက်
များနှင့်မတူ ဖျတ်လတ်မှု
ရှိနေကွေးနေပါသည်
ဒေါက်မြည်သံ
မှာလည်း အခြားငှက်
များကဲ့သို့မတူ မူကွဲကာ
ပမ်းနည်းသံ ကြောက်
ဖွယ် ရှိပါသည်
ကျီသည်သို့သော
အရောင်းများကြောင့်
ထိုငှက်သည် ...


ဒကာရေ ဒကာချက်ကြောင့် နာကျင် လေးလံ နွေးကွေး ကာ အပြစ်နှင့် ကွဲပြီး အာ ဝကြောက်တရေး ကြိုးစိုး နေ ဝကြောင်း ဝတွေးထော သိုးသပ စည်းစား မိကြောင်းပါ အကျင် ဘုရင် မင်းမြတ်...
ငါကိုယ်စတက် နားမလျင်း ဘူး။ သံကွဲ ဒေသချစခောင် ဂလျှောက်ခမ်းပါဦး ကင်လေ ဂါ့
သူ့ဂါ့ မြည်ကျူးသံဟာ အခြားငှက်များနှင့် မတူ ဝမ်းနည်းကြေကွဲမှုတွေ ပြစ်ရတာက ကာလရှည်ကြာ အပြစ်နဲ့ကွဲပြီး ဖမ်ကွာ ဝေးဂလို့ပါ၊ အံသဂို့ ပြစ်ရတာကလည်း ထိ ခိုက် ဒကာရေ ဂရှိ ထား တဲ့အတွက် အခြားငှက်များဂို့ မပျံသန်းနိုင်ဂလို့ပါဘူး
ဝကြောက် အင်းအင်း


ဒါသာပို ဒက်ရာရှခဲ့.
ဘးပြီး ဒသွး ဒချာက်ချာ
ဒနှတဲ့ဂ်ာက် ဒခွလို့လည်ဒို့.
သံလည်း ကြာ့ဒရှ ...
ဒကြာက်ခြာ့
လန့်ဒာ့ပြီကာ
ဒကာင်းကင်
ဒခြင့်ဒို့
ကဒသာကဒမျှ
ပျံတက်ဒတာ့ ဒက်
ရာဒယာင်း ဒနာ
ဒာက်ကွဲပြီး
ဒသွးကျလို့
ဒမြေ ဂ့ုတ်ပါ
ဘုရား...


ဒီပုံဥပမာ ယခု ချင် နိုင်ငံ ရဲ့ ခုခံ ကာကွယ်ရေးမှာ ချင်နိုင်ငံနဲ့ စစ်တိုက်ရင်း စစ်ဘွဲ့ ဖူးခဲ့တဲ့... လိန်ဝူကျင်းကို စစ်ဦးစီး စစ်သူကြီး အမြဲရေးသားတတ် မှတ်ချက်သည် ဒေးမှန်ဖူးသည့် ဌက်သူငယ် ကဲ့သို့ မမြဲစေရန် ကြိုတင်တွေးဆနိုင်ရေး ဝေဖျက် ထားပါသည် ဝန်မင်း ....
အမတ်ကြီး စကားဥပမာမှာ - အစကြောင်းသင့် အကျိုး သင့်ပါပေတယ်..
စကျာက်နိုင်ငံ အမတ်ကြီး ဝဝ့်ကား စကားကို ချီးနိုင် ငံ ဝန်ကြီး ချင်စိန်ကျင်က လက်ခံညှိနှိုင်း ပြောဆိုသတဲ့၊ ဒီဒေးမှန်ဖူးသည့် ဌက်သူ ငယ် ဆိုတဲ့ ဝေရေတိစကား ပုံက မြန်မာလိုတော့ ခဲမှန်ဖူးတဲ့ စာ သူငယ် ကျယ်ကျဲနဲ့ လွန် စကား ပုံနဲ့ တစ်သေတ်တဲ့ အတူတူပေါ့။
ပြီးပါပြီ။

ဆိုင်းသားသုံးဖယောက်ပုံပြင်

ပါမောက္ခအိုပိုင်

(တောင်ကျွတ်)





မြေးကလေးတို့ရေ...

ပြီးခဲ့တဲ့နှစ်က မြေကလေးတို့ကို ဘိုးဘိုး ပုံပြင်တစ်ပုဒ် ပြောပြခဲ့ဖူးသေးတယ်နော်။ အဲဒီပုံပြင်ကတော့ ပေါက်ပင်စောင့်နတ်နဲ့ ညောင်ပင်စောင့်နတ်တို့ အကြောင်း ပြောပြတဲ့ နတ်နှစ်ပါး ပုံပြင်လေးပါပဲ။ အဓိက ကတော့ ကိုယ့်အိမ်ကိုယ့်ယာကို လာလည်မယ့် ည့ဉ်သည်ဟာ ကိုယ့်ဘဝ ကိုယ့်အိုးကိုယ့်အိမ် ကိုယ့်နေရာ ကိုယိမိမာန်ကို ဖျက်ဆီးမယ့်သူဆိုရင် လက်မခံဖို့ အကြောင်း တပ်လှန့်တဲ့ပုံပြင်လေးပေါ့။ ခုဒီတစ်ပတ်မှာတော့ သူဌေးသားသုံးယောက်ဆိုတဲ့ ပုံပြင်လေးကို မြေးလေးတွေအတွက် ဘိုးဘိုးပြောပြမယ် အားလုံး နားထောင်ကြနော်။

တစ်ခါတုန်းကပေါ့ကွယ် . . . သူဌေးကြီး တစ်ယောက်မှာ အိမ်ရှင်မဆုံးပါးသွားတော့ အရွယ်ရောက်စ ပြုနေကြတဲ့ သား သုံးယောက်ကျန်ခဲ့တယ်။ သူဌေးဆိုပေမဲ့ မြို့ကြီးပြကြီးတွေမှာ အလုပ်ရုံစက်ရုံပိုင်တဲ့ သူဌေးမဟုတ်ဘဲ လယ်ယာမြေတွေ အများကြီးပိုင်တဲ့ တောသူဌေးကြီးပေါ့ကွယ်။ သူဌေးကြီးဟာ အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးက သိပ်မကောင်းချင်တော့ သူပိုင်ဆိုင်တဲ့အမွေးကိစ္စတွေနဲ့ ပတ်သတ်လို့ သားတွေကို ခွဲဝေပေးခဲ့မှ ဖြစ်မယ်ဆိုတဲ့အတွေးဝင်လာတယ်။ ဒါကြောင့်သားသုံးယောက်ကို ခေါ်ပြီး မေးခွန်း တစ်ခုမေးတယ်တဲ့။

“ငါ့သားတို့ သားတို့ဟာ တိရစ္ဆာန်အမျိုးအနွယ်ဝင်ဖြစ်တဲ့ ငှက်အမျိုးအနွယ်ဝင် တစ်ကောင်ကောင် ဖြစ်ရမယ်ဆိုရင် ဘယ် လိုငှက်မျိုးဖြစ်ချင်ကြသလဲ” လို့ မေးလိုက်တယ်။

“ကျွန်တော်ကတော့ သိမ်းငှက် ဖြစ်ချင်ပါတယ်ဖခင်” လို့ သားအကြီးက ဦးဆုံးဖြေလိုက်တယ်။

“သိမ်းငှက်ဖြစ်ချင်တာတော့ဟုတ်ပါပြီ ဘာကြောင့် သိမ်းငှက် ဖြစ်ချင်ရတာလဲ”

ဖခင်သူဌေးကြီးက ထပ်မေးတော့ . . .

“ဒီလိုပါ ဖခင်ကြီး ငှက်တွေထဲမှာ သိမ်းငှက်ဆိုတာ မြင့်မြင့်လည်း ပျံနိုင်တယ်။ အစာကိုလည်း မြန်မြန်ထိုးသုတ်နိုင်တယ်။ ငှက်တွေအားလုံးကလည်း သူကို ကြောက်ရတယ်။ ဒါကြောင့်အားလုံးကို အနိုင်ယူနိုင်ဖို့ သိမ်းငှက်ဖြစ်ချင်တာပါ” လို့ ဖြေတယ်။

သားအကြီးကို မေးပြီး သားအလတ်ကို ဆက်မေးတယ်။ သားအလတ်က “ကျွန်တော် ဆက်ရက်ပဲဖြစ်ချင်ပါတယ် ဖခင်။ ဘာကြောင့်လဲဆိုတော့ သွတ်လက်ပေါ့ပါးတယ်။ အုပ်စုဖွဲ့ ပြီးပျော်ပျော်ပါးပါး စားကြသောက်ကြပြောကြဆိုကြနဲ့ သူတို့ကြည့်ရတာ အပူအပင်ကင်းတယ်။ အမြဲပျော်ရွှင်နေကြတယ်။ ဒါကြောင့် ဆက်ရက်ကလေးပဲဖြစ်ပါတယ်” လို့ပြောတယ်။

သူဌေးကြီးက သားအငယ်ဆုံးကို ကြည့်ပြီး မေးပြန်တယ်။

“သားရဲ့အစ်ကိုနှစ်ယောက်ကတော့ ဖြေပြီးသွားပြီ။ ဒီတော့ သားငယ်က ဘယ်လိုငှက်မျိုးဖြစ်ချင်သလဲ၊ ဘာကြောင့်လဲ ဖခင်ကိုပြောပါဦး”

သားငယ်က နည်းနည်းစဉ်းစားပြီးတော့မှ တဖြည်းဖြည်းချင်းအဖြေပေးတယ်။

“ သားကတော့ ဘဲငန်းကြီးပဲ ဖြစ်ချင်ပါတယ် ဖခင်။ ဘာကြောင့်လဲဆိုတော့ ပါးစပ်က တစ်စုံတစ်ခုပြောရတော့မယ်ဆိုရင် ဘဲငန်းကြီးက လည်ပင်းရှည်တဲ့အတွက် စကားလုံး ပါးစပ်က မထွက်ခင် ပြောသင့်မပြောသင့် အများအမှန် စဉ်းစားချင့်ချိန်ဖို့ အခွင့်အရေးရတဲ့အတွက်ပါ” လို့ ပြန်ပြောလိုက်တယ်။

သားသုံးယောက်ရဲ့ စကားတွေကို ကြားရပြီးတဲ့နောက် သူဌေးကြီးက သားသုံးယောက်ကို အမွေတွေခွဲပေးလိုက်တယ်။ သားကြီးစိတ်က သိမ်းငှက်လို အများအပေါ်ဇိုလ်ကျ စိုးမိုးအနိုင်ယူချင်တယ်၊ လောဘလည်းကြီးတဲ့ သဘောရှိတယ်ဆိုတော့ တောင်ဘက်က မြေဆီသြဇာကောင်းပြီး သီးနှံတွေအောင်မြင် ဖြစ်ထွန်းနေတဲ့ လယ်ယာမြေကောင်းတွေကို ယူစေ။ သားအလတ်က ဆက်ရက်လိုပျော်ပျော်ပါးပါးနေချင်သူဖြစ်တဲ့အတွက် လူစည်းကားတဲ့ မြောက်ဘက်က လယ်ယာမြေကောင်းတွေ ကိုယူစေ။ သားအငယ်က ဘဲငန်းကို လည်ပင်းရှည်လို့ သဘောကျတယ်ဆိုတော့ စကားကို စဉ်းစားချင့်ချိန်ပြီးမှာ အများအယူင်းကင်းအောင် ပြောချင်တဲ့ ဝါသနာရှိတာကြောင့် ပညာနဲ့အတတ်မွေးရလိမ့်



မယ်။ ဒါကြောင့် သားငယ်ကို ပစ္စည်းအမွေမပေးတော့ဘဲ ဖခင်ကြီး ပြုစုထိန်းသိမ်းရင်း ပညာဆက်သင်၊ ပညာအခြေခံတဲ့ အလုပ်နဲ့ပဲ အသက်မွေးဖို့ ဖခင်ပြောချင်တယ်။

ဖခင် သူဌေးကြီးရဲ့ စကားကြားတော့ အားလုံး ကျေနပ် သဘောတူကြတယ်။ ဖခင်သူဌေးကြီး ဆုံးပြီးသိပ်မကြာပါဘူး။ အစ်ကို အကြီးဆုံးဖြစ်သူဟာ လိုအင်လောဘတွေ တက်ပြီး ငွေကြေးအတွက်ဆို တရားတာမတရားတာ နားမလည်ဘဲ အများ ပေါ်ဗိုလ်ကျတော့ ပြဿနာတွေ တစ်ခုပြီး တစ်ခုတက်တယ်။ အမှုအခင်းဖြစ်တရားတဘောင် ရင်ဆိုင်ရတော့ ငွေကြေးတွေ အများအပြား ဆုံးရှုံးရတယ်။ နောက်ဆုံး မင်းပြစ်မင်း ဒဏ်ပါသင့်ပြီး ပိုင်ဆိုင်ထားတဲ့ လယ်ယာတွေပါ ဆုံးရှုံးသွားတဲ့ အဖြစ်မျိုးရောက်ခဲ့တယ်။ အစ်ကိုလတ်ဖြစ်တဲ့ သူကလည်း သောက်စားရင်း နောက်ဆုံးခွက်လက်ဆွဲပြီး တောင်းစားရမယ့် အခြေအနေရောက်သွားသတဲ့။ ညီအငယ်ဆုံးကတော့ ဖခင်သူဌေးကြီးရဲ့ စကားနားထောင်ပြီး ပညာတတ်အောင်သင် မင်းမှုထမ်းလုပ်ရင်း စိတ်ဓာတ်နဲ့ ပညာကောင်းတဲ့အတွက် ပညာရှိတစ်ဦးအဖြစ် ဘုရင်က မြှောက်စားခြင်း ခံရတယ်။ ဘဝမှာ ဘာမှ ပူပင်စရာမရှိ အစစအရာရာ အဆင်ပြေနေပါ သတဲ့။

တစ်နေ့တော့ အစ်ကိုကြီးနှစ်ယောက်ဟာ ညီအငယ်ဆုံးအိမ်ကို ရောက်လာကြတယ်။ ဖခင်ပေးခဲ့တဲ့ အမွေတွေထဲ အိမ်ကြီးတစ်လုံး ကျန်နေသေးတယ်။ ကျန်နေတဲ့ ဖခင်ရဲ့အိမ်ကြီးကို သူတို့ကိုပေးရမယ်ဆိုပြီး လာတောင်းကြတယ်။ ညီပညာရှိကလည်း ငှါအစ်ကိုတွေ ဆင်းရဲနေကြတယ်။ ဒါကြောင့် ပေးမယ်ဆိုပြီး ဆုံးဖြတ်လိုက်တယ်။ ဒါပေမယ့် ပေးလိုက်ရင် ရောင်းစားသုံးဖြုန်းပြီးနဂိုအတိုင်း ပြန်ဖြစ်မှာမြင်တာနဲ့ ဒီလိုပြောလိုက်တယ်။

"အစ်ကိုတို့ ပင်ပန်းဆင်းရဲနေတာ ညီလေးသိပါတယ်။ ဒီအိမ်ကြီးကိုလည်းအစ်ကိုတို့ နှစ်ယောက်ကို အညီအမျှခွဲပေးပါမယ်။ ဒါပေမဲ့ အစ်ကိုတို့နှစ်ယောက်ဟာ ဒီအိမ်ကိုရောင်းချတဲ့ငွေနဲ့ စားသောက်ပျော်ပါးရင် မိမွေဖမွေ အိမ်ကြီးဆုံးပါးသွားတာပဲ အဖတ်တင်မယ်။ အစ်ကိုတို့အတွက် အဓိကလိုအပ်နေတာ အိမ်မဟုတ်ဘူး။ ငွေလည်းမဟုတ်ဘူး" လို့ ပြောတော့ အစ်ကိုနှစ်ယောက်က "ဘာလဲ မင်းက မပေးချင်လို့ ဒီစကားပြောတာလား" လို့ မကျေမနပ်နဲ့ပြန်မေးလိုက်တယ်။

ဒီတော့ ညီငယ်ပညာရှိက . . .

"ကျွန်တော် ပေးမယ်ဆိုတာ အစ်ကိုတို့ကိုပြောပြီးသားပဲ ပေးမှာပါ။ ဒါပေမဲ့ အိမ်တွေ ငွေတွေထက် အစ်ကိုတို့မှာ အရေးတကြီးလိုအပ်နေတာ စိတ်ဓာတ်ပါ။ စိတ်ထားကောင်းဖို့ပါ။ ရိုးရိုးသားသား ကြိုးစားလုပ်ကိုင်ပြီး စည်းကမ်းရှိရှိသုံးစွဲနေထိုင်မှ အစ်ကိုတို့ ဆင်းရဲတွင်းကတက်နိုင်မှာပါ။ ဒီအိမ်ရောင်းပြီး ရတဲ့ငွေနဲ့ သောက်စားပျော်ပါး နေဦးမယ်ဆိုရင် နောက်ဆုံး အသက်ပါ အန္တရာယ်ရှိလာမယ်။ ဒါကြောင့် ရိုးရိုးသားပြန်လည်လုပ်ကိုင်စားသောက်ပါ့မယ်။ စိတ်ကောင်းမွေးပါ့မယ်ဆိုတဲ့ ကတိတစ်လုံးတော့ ကျွန်တော်ကိုပေး။ ဒီအိမ်ကြီးသူများလက်ထဲရောက်မသွားအောင် အိမ်ရဲ့ကာလတန်ဖိုးကို အစ်ကိုတို့ နှစ်ယောက်ကို တစ်ယောက်တစ်ဝက်စီ ခွဲဝေပေးပါ့မယ်" လို့ ပြောလိုက်တယ်။


သူဌေးသား အစ်ကိုကြီးနှစ်ယောက်ဟာ ညီလေးပညာရှိရဲ့စကားကြောင့် အမှန်တရားကို သိမြင်ပြီး ကတိတွေ ပေးကြတယ်။ ညီငယ်လေး ခွဲပေးတဲ့ငွေနဲ့ ဆင်ခြင် လုပ်ကိုင်ကြတဲ့အတွက် နောက်ပိုင်း အစစအဆင်ပြေသွားကြတယ်။ ညီအစ်ကို သုံးယောက်လုံးလည်း ချစ်ချစ်ခင်ခင်နဲ့ စည်းစည်းလုံးလုံး နေထိုင်သွားနိုင်ကြတယ်။ ပုံပြင်လေးကတော့ ဒီလောက်ပါပဲ။

ငွေကြေးဥစ္စာမန ဘယ်လောက်ရှိရှိ၊ ဘယ်လောက်ချမ်းသာချမ်းသာ၊ စိတ်ဓာတ်မကောင်းရင်၊ တွေးခေါ်မြော်မြင်နိုင်တဲ့ ပညာမရှိရင် ကြာကြာမခံဘူး။ စိတ်ဓာတ်ကောင်းကောင်းနဲ့ ရိုးရိုးသားသားကြိုးစားမှ အောင်မြင်နိုင်တယ်လို့ ပြောချင်တာပါ။ ငှါမြေးတွေ ဒီပုံပြင်လေးကသင်ခန်းစာတွေ ယူနိုင်ကြပြီးကျန်းမာပျော်ရွှင်ကြပါစေကွယ်။


မောင်နှစ်သိမ့်(တောင်ကုတ်)

ပညာရှိ


ကာတွန်း – ရဲမြင့်သန်း




ဘုရင်ကြီးသည် သားတော်
ဒေဖြောက်ဒေများထဲမှ မင်းသား
ဆွေဆက်သည့် ဒေများဒေကျို့
ဆောင်တတ်သူ ဖြစ်၍ အိမ်ရှေ့စံ
ဒေဖြစ် ခွေးချယ် တင်မြောက်
လိုက်သည်။




ထိုခွေးချယ်မှကိုလည်း ပြည်သူများ
က ဝမ်းသာနှစ်သက်ကြလေသည်။







အဖွားအကျင့်မျှားလည်းတစ်စစ
မကောင်းသည့် ဘက်သို့
ဦးတည်လေသည်။
ဧဟ့် မနက်ဖြန်
တောကစား ထွက်ရင်
ငါ့ထက်သာတဲ့လူ
ကိုမှတ်ထား
စမ်း...
ဘာလို့
လဲမင်းသား
လေးရဲ့
ဧည့်..
ဂုက်ပြုမလို့ပါ...
အောင်မြင်ခြင်းကို
မခံနိုင်သည်လား
မသိ မင်းသားလေး
မှာ ပြောင်းလဲလေ့ရှိ
....
ဧဟ့် ဘစား ပုတ်
ဖြေးဖြေးစား ဝက်ရုပ်
မ ပေါက်ပဲ နေနေမယ်
တောကစား ရာတွင်
ကျော် ကြားသော
အဖတ်ကြီး တစ်ဦး၏
သားတော် တစ်ပါး
လည်း ပါဝင်လေသည်။



ငါနှင့် ငါသာ
နိုင်းယှဉ်ခဲစရာ
ပါကွာ..
မင်းသား၏
သူမတူတဲ့ ခြား
စွမ်းဂုဏ်ကိုပြုလိုက်
ပါတော့
ဘုရား ..
တော်တယ်နော်
အမတ်ကြီးသား
ဗိသပါတယ်..
မခံယူဝံ့
ပါဘူး မင်းသား
လေးခင်ဗျား
...
နဂိုကပင်မကောင်းသည့်
စိတ်နေစိတ်ထား ကို ဦးတည်နေသော
မင်းသားလေးကို ကံကြမ္မာကနေရာ
ပေးလိုက်ချေပြီ...
ဟာ!
လွဲပြီ...
ဖြန်း
ဖြန်း
ပြန်ပဲ
ပြန်ပဲ
မင်းလောက်မှ
မတော်ရင် ငါမိုးမခရွေ
မင်းသား မလုပ်ဘူး
နော်...


လွဲချော်သွား သည့် မြား ချက်နှင့်ဘတူ
လွဲနေသည့် စိတ်ကလည်း ဒေါသမျာ:
နှင့်ဘတူ ဘမတ်ကြီး သား ဆီသို့....
ဇတာက်...
ငယ် ငယ်ကျွန်တို့
ဒီဝမို့က်သား:ကို မြင်:
ပေါ်က ဆွဲချစမ်း...
မဟုတ်
ရုပါဘူး:ဘူရာ:
....
ဘထင်လွဲနေပါတယ်
ဘူရာ: စိတ်ဒေး:ဒေး:
ထား:ပါ...
ငါ့ကို
ဘရှက် ခွဲတဲ့ကောင်
တွေ့ပြီပေါ့ကွာ...
ကဲကွာ...
ဒသစ်:
အစေလုံး


ဖိုက်မဲသောစိတ်၏ စေခိုင်းမှုများကြောင့် မင်းသား လေးမှာ ကြာပွတ်ဖြင့်မည်မျှရိုက်လိုက်သည်မသိ အမတ်ကြီးသားမှာ မြေပြင်သို့လဲကျကာ ပြန်မထနိုင် ပဲရှိလေသည်။
ဟေ့ နေမျိုး ဘယ်လို ဖြစ်လာ တာလဲ..
ဟိုမှာ ဟိုမှာ သခင်လေး ဟောဟဲ့...
ပြေးကြဟေ့ ပြေးအမတ်ကြီး သွားပြောမှ ဖြစ်မယ် မဟုတ်ရင် သခင်လေး သေသွား လိမ့်မယ်..
လက်သဲဆိတ် လက်ထိပ် မခံဆိုသည့် အတိုင်း အမတ်ကြီး၏ မိသားစု များမှာ မင်းသားလေး ကို ချက်ချင်းပင် လက်တုံ့ ပြန်မည်ဟု ဆုံးဖြတ်ကြ လေသည်။
အာမလေး ဖြစ်မှ ဖြစ်ရလေ...
အရှော်တို့ လက်နက်စုကြ ဟေ့!
ဒါငါတို့ တစ်မျိုးလုံး ကိုစော်ကား တာပဲ..




ထိုအချိန် အဖတဲကြီးမှာ နန်းတွင်းဌ အခစား ဝင်ရောက် နေချိန်ဖြစ်၍ ခွစ်မင်းသား လေးဂါ အဖြစ်ဆိုးကို မသိရှာပေ...






ဘိမ်ဖြန်ရောက်၍ မိဘအစ်ဒေအနေကို သိရသော အဖတဲကြီးမှာ အံ့သြသွားလေသည်





အလုံးစုံကို သိသော အဖတဲကြီးမှာ သားလေး၏ အဖြစ်ဆိုးကြောင့် ကြေကွဲမှုနှင့် ဒေါသမှာ ကဲ့ရဲတစ်ခုလုံးကို လောင်မြိုက်စေသည်။

သို့သော် ပညာရှိတို့၏ သတိကား လွန်စွာမြင့်သည်။


ဆွေမျိုးအပေါင်းတို့
ကျုပ်ရဲ့စကားကို လေးနက်စွာ
နားထောင်ကြလော့ ငြိမ်းချမ်းမှုနဲ့
တရားမျှတမှုအတွက် ဥပဒေဟာသင်
တို့ဘက်မှာ ခိုင်မာသဖြင့်ရှင်းစွာ တည်ရှိ
နေပါတယ်...ယခုအပြစ်အပျက်ဟာ
ကျုပ်တို့ မျိုးနွယ်ရဲ့ စိတ်ဓာတ်
ဓာတုနဲ့ ပညာဓာတုဆင့်ဓာတုနဲ့
တိုက်ခိုက်ခြင်းပါပဲ
.....
ဒါကြောင့်
ပညာမဲ့တဲ့ ဒေါသစရိုက်ကို
ထိန်းချုပ်ဖို့ ကြိုးမြတ်မှုကိုပြုကြပါ
သားဆုံးရတဲ့ ကျုပ်တောင် သည်းခံ
ခိုင်ရင် အဆွေတို့လည်း သည်းခံ
ခိုင်ရမှာပြစ်တယ်....
ဓာတ်ကြိုး၏ ဓာတ္တိုး
သင့်ဓာတ်ကြောင်းသင့်
ရှင်းပြမှုကြောင့် ဆွေမျိုး
အပေါင်းမှာငြိမ်းချမ်းရေး
ကို ဦးတည် လိုက်ကြ
သည်။


ထူးချွန်စွာ ဂုဏ်သတင်းကျော်ဇောသော ဘဃတ်ကြီးဖြစ်ဆုံးဖြတ်မှုသည် မိမိနှင့်တိုင်းပြည်ဘတွက် ဘရေးကြီးသည်ဖြစ်၍ ဂုတတ်မဘေးရာမှ ယူမှပင်သက်ပြင်းချနိုင်ကာ ဘဃတ်ကြီးကိုလည်း လွှဲနိုင်စွာလေးစားသွားသွားလေသည်။
မိုက်လုံးကြီးပြီး မာနကြီးလွန်းသော သင်ဟာ ဘိဖရှေဘရာနဲ့ မတိုက်တန် ကျေးဇူးစွန်စား ရှာစွန်စား ဘဖြစ်နဲ့သာ နေပေတော့ ငါဟာ ...
နယ်တစ်နယ်ကို ဘဝိုင်စားပေးဖြီး သူကောင်းပြု ရဖယ်....
ကောက်ဆုံးတွင် ဥာဏ်ဘမြော် ဘပြင် နှင့် ဆင်ခြင်တုံတရား ကင်းမဲ့၍ ပညာမဲ့ ရရိုက်သနဲ့သော မင်းသားလေးမှာ ရွှေ နန်းတော်ဘပြင် သို့ ထွက်သွားရရာ လေသည်။

ပညာရွှေအိုး-ဝုံဖြင့်



ကိုယ်ကျင့်တရားနှင့် ကိုယ်ကစွမ်းအား

ဒဂုန်ကြိုးကြယ်



ဟိုး...ရှေးအခါတုန်းက တောင်ပေါ်ဒေသတစ်ခုမှာ ရှိတဲ့ရွာကလေးတစ်ရွာမှာ မုဆိုးကျော်ကြီးတစ်ယောက် ရှိပါတယ်။ နာမည်က "ဦးဂျာဘောက်" တဲ့။

ဦးဂျာဘောက်ဟာ အမဲလိုက်တာ သိပ်တော်တဲ့ မုဆိုးကြီးပါ။

သူ အမဲလိုက်ပြီဆိုမှဖြင့် သားကောင်မပါ ဗလာ ချည်းသက်သက် ပြန်လာရတယ်ဆိုတာမျိုး ဘယ်အခါမှ မရှိခဲ့ဘူးတဲ့။ ဦးဂျာဘောက်ဟာ ထွားကျိုင်းသန်မာပြီး ခွန်အားဗလနဲ့ ပြည့်စုံတယ်။ အလုပ်တစ်ခုကို လုပ်တော့မယ် ဆိုရင် စေ့စပ်သေချာမှုရှိမှ လုပ်တယ်။ ဖွဲလုံလ၊ ဝီရိယကြီးတာနဲ့အမျှ သတ္တိကလည်း ကောင်းမှကောင်း။ ဒါပေမဲ့ သူဟာ သားကောင်တွေကို သတ်ဖြတ်ပစ်ခတ်တဲ့ မုဆိုးကြီး ဖြစ်လင့်ကစား စိတ်သဘောထားက ခက်ထန်မှုမရှိဘူး။ လူကြီးလူငယ်မရွေး သူ့ကို ချစ်ခင်ကြတယ်။ရလာတဲ့အသားကောင်တွေကိုလည်း ပေးသင့်ပေးထိုက်တဲ့ သူတွေကို ပေးတာကြောင့် သက်ကြီးရွယ်အိုတွေဆိုရင်လည်း သူ့ကို ချစ်ခင်ကြတာပါပဲ။ သည်တော့ သူ့သတင်းဟာ သူရွာတစ်ရွာထဲတင် မဟုတ်တော့ဘဲ ရွာနီးချုပ်စပ်တစ်ခွင်လုံး မွှေးနေတော့တာပဲပေါ့။

တကယ်တော့ မုဆိုးဆိုတာ သားကောင်တွေကို ချောင်းမြောင်း ပစ်ခတ်ရတဲ့ သားသတ်သမားပဲ မဟုတ်လား။ ဒါပေမဲ့. . . ဂျာဘောက်ကတော့ တစ်မျိုး။

ဘယ်လောက်ပဲ ပစ်ခတ်ရလွယ်ကူ လွယ်ကူ၊ ဇီးရှိနေတဲ့သားကောင် (ရင်သွေးကို လွယ်ထားရတဲ့ သားကောင်)ဆိုရင် ဘယ်တော့မှ မပစ်ဘူး။ အသာကလေး ရှောင်ထွက်သွားတော့တာပဲတဲ့။

"သားကောင် တစ်ကောင်ကို ပစ်ပြီ ဆိုကတည်းက ငရဲကကြီးနေပြီ။ အဲ...ဇီးရှိတဲ့သားကောင်ကို ပစ်လို့များကတော့ ငရဲနှစ်ထပ်ကျမ်း ကြီးပြီသာ မှတ်ပေတော့။ စည်းကမ်းမရှိဘဲ ပစ်ခတ်နေရင် သိပ်မကြာဘူး။ သားကောင်တွေ မျိုးတုံးသွားလိမ့်မယ်။ အဲသည်အခါကျရင် ဒုစ္ဆိုဂန္ဆရဆိုတဲ့ အငတ်ဘေးကြီး ဆိုက်လိမ့်မယ်" လို့ ဆိုပြီး မုဆိုးလက်သင်ကလေးတွေကို သတိပေး ဆုံးမလေ့ရှိတယ်ဆိုပဲ။ ပြီးတော့ သူမှာ ထူးခြားတာတစ်ခုလည်း ရှိပါသေးတယ်။

တစ်ခါတုန်းက တောထဲမှာ သားကောင်တစ်ကောင် နောက်ကို ခြေရာခံလိုက်ရင်း လမ်းခွတ်လပ်တစ်နေရာမှာ သူ့လိုပဲ တောမုဆိုးနဲ့ သွားတွေ့တယ်။ တောမုဆိုးဆိုတာ တခြားမဟုတ်ပါဘူး။ ကျားကြီးကို ပြောတာပါ။ကျားကြီးဟာလည်း ဦးဂျာဘောက်ခြေရာခံလိုက်နေတဲ့သားကောင်ကို မြေကမူ ပေါ်ကနေ ချောင်းနေတာ။ အဲသည်အချိန်မှာ ဦးဂျာဘောက်အဖို့ အဆင်သင့်ဖြစ်နေတဲ့ အဆိပ်လူးမြားနဲ့ ကျားကြီးကို ပစ်ထည့်လိုက်လို့ရတယ်။ တကယ်တမ်း ပစ်ထည့်လိုက်ရင်လည်း ကျားကြီးအဖို့ တုံးခနဲလဲကျလို့ အဆိပ်ဒဏ်ကို ခံစားရင်း ကိစ္စတုံးသွားမှာ အသေအချာပါ။ ဒါပေမဲ့ ဦးဂျာဘောက်က လေးမြားကိုမထုတ်ပါဘူး။

"ဟေ့...ကျားကြီး၊ မင်းလည်း မုဆိုး၊ ငါလည်း မုဆိုးဆိုတာသိတယ်နော်။ ဇာတ်တူသားဆိုတာ မစားကောင်းဘူးကွ"

ကျားကြီးဟာ ဦးဂျာဘောက်ပြောတာကို နားလည်သလား၊မလည်သလားမပြောတတ်ဘူး။ ဦးဂျာဘောက်ရဲစကားဆုံးတာနဲ့ စွေ့ခနဲဆိုသလို တောအုပ်ထဲကို လှစ်ခနဲဝင်ရောက်ပျောက်ကွယ်သွားတော့တယ်။

ဒါဖြင့်ရင် ဦးဂျာဘောက်ဟာ တောမုဆိုးဖြစ်တဲ့ ကျားကို မပစ်ခတ်တော့ဘူးလားလို့ မေးစရာရှိလာမယ်။ သည်အခါကျရင် ဦးဂျာဘောက်အနေနဲ့ ဖြေပြပါလိမ့်မယ်။

"မုဆိုးမှာလည်း မုဆိုးစည်းဆိုတာ ရှိရတယ်။ တောမုဆိုးဖြစ်တဲ့ ကျားဟာသူကျင့်လည် ကျက်စားတဲ့ တောထဲမှာ ဘယ်လိုပဲ သားကောင်ကို သတ်ဖြတ်၊ သတ်



ဖြတ် ဒါ . . . ကျုပ်အလုပ်မဟုတ်ဘူး။ အဲ . . . လူတွေ နေတဲ့ ရွာထဲကိုဝင်ပြီး ကျွဲတွေ၊ နွားတွေ၊ လူတွေကို ဒုက္ခ ပေးလာမယ်ဆိုရင် မုဆိုးစည်းဖောက်တာပဲ။ ဒါဆိုရင် ကျုပ်ဘယ်နည်းနဲ့မှ လက်ပိုက်မကြည့်နိုင်တော့ဘူး။ အဲသည် စည်းဖောက်မုဆိုးကို သားကောင်အဖြစ် သဘောထားပြီး ဇီဝိန်ခွဲရမှာပဲ”

အဲသည်လိုပဲကိုယ့်ရပ်ကွက်ကိုကျူးကျော်ဖျက်ဆီး လာတဲ့ တောမုဆိုးကျားတွေ၊ တောဝက်တွေဆိုတာ ဦးဂျာဘောက်လက်ချက် မိသွားကြတာပါပဲ။ ကိုယ့်ရပ် ကိုယ့်ရွာအတွက်သာ မဟုတ်ဘူး။ တခြားရပ်ရွာတွေ ကလည်း အဲသည်လိုမျိုး တွေ့ကြုံနေရလို့ အကူအညီ လာရောက်တောင်းခံရင် သွားရောက်ကူညီဖြေရှင်းပေး တတ်တာလည်း ဦးဂျာဘောက်ရဲ့ စိတ်ဓာတ်အရင်း ခံပါပဲ။

အဲဒါကြောင့် ဦးဂျာဘောက်ကို ကိုယ့်ရပ်ကိုယ့်ရွာ ကတင် မဟုတ်ဘူး။ ရွာနီးချုပ်စပ်နေရာဒေသ တော် တော်များများကပါ ချစ်ခင်လေးစား အားကိုးအားထား ပြုကြတယ်။

အဲသည်လိုမျိုး မုဆိုးကြီး ဦးဂျာဘောက်ရဲ့ ဝုဏ် သတင်းတွေဟာ လူသတင်းလူချင်းဆောင်တဲ့သဘော ကြောင့် တစ်နယ်လုံးကို အုပ်ချုပ်နေရတဲ့ နယ်စားကြီး ဆီကိုလည်း ရောက်ခဲ့တာပေါ့။

“ဟာ . . . ဒါဆို အတော်ပဲ။ မကြာခင် ကျင်းပမဲ့ ငှါသားရဲ့မင်္ဂလာပွဲမှာကြွရောက်လာကြမယ့်ဝုဏ်သရေ ရှိပရိသတ်တွေကိုထူးထူးခြားခြားဧည့်ခံရအောင်တော ကောင်သားတွေ စီမံရမယ်”

နယ်စားကြီးလည်း အဲသလိုအကြံရတာနဲ့မုဆိုးကြီး ဦးဂျာဘောက်ကို သူ့ဆီအရောက်လာဖို့ တပည့်တွေကို အခေါ်လွှတ်လိုက်တယ်။ မုဆိုးကြီးဦးဂျာဘောက် ရောက်လာတယ်ဆိုရင်ပဲ . . .

“ဟေ...ဂျာဘောက်၊ လာမယ့်အပတ်ထဲမှာ ငှါသား ရဲ့မင်္ဂလာဧည့်ခံပွဲအတွက် သမင်သုံးကောင်၊ ဆတ်သုံး ကောင်၊ တောဝက်သုံးကောင်၊ ဒေါင်းငါးကောင် ရအောင်ပစ်လာပေးပါ။ မင်းကို ဆုတော်ငွေ ကောင်း ကောင်းချမယ်”

လို့ ပြောဆိုစေခိုင်းပါတော့တယ်။ သည်အခါ မုဆိုး ကြီးဦးဂျာဘောက်လည်း တွေခနဲ စဉ်းစားရင်းက ဖြည်း ဖြည်းနဲ့မှန်မှန်ပြောလိုက်တယ်။

“မဖြစ်နိုင်ဘူး ထင်ပါတယ် . . . နယ်စားကြီး”

“ဟ...မင်းက နာမည်ကျော်မုဆိုးကြီး။ ပြီးတော့... ကျားတွေတောင်ပစ်နိုင်ခဲ့တဲ့သူ။ ဘာကြောင့်မဖြစ်နိုင်ရ မှာတဲ့တုံး”

“နယ်စားကြီး . . . တောထဲမှာ ကျင်လည်သွားလာ နေကြတဲ့ သားကောင်တွေဆိုတာဟာ ကျွန်တော် မွေး ထားတာမှမဟုတ်ဘဲ။ ဘယ်လိုလုပ်ပြီး အပိုင်တွက်လို့ ရနိုင်မှာတဲ့လဲခင်ဗျာ”

“အိုကွာ . . . မင်းက နာမည်တစ်လုံးနဲ့ ကျော်ကြား နေတဲ့မုဆိုးပဲဟာ။ မဖြစ် ဖြစ်အောင်လုပ်ရရင် ဖြစ်ရမှာ ပေါ့”

“လုပ်သလိုဖြစ်လာရင်တော့ အကောင်းသားပေါ့ နယ်စားကြီးရယ်။ အခုဟာက သားကောင်ရဲ့ အမျိုး အမည်နဲ့ အရေအတွက်ကလည်း အတိအကျဆိုတော့ လွယ်တဲ့ အလုပ်မဟုတ်ပါဘူး။ နောက်ပြီး သတ္တဝါမှန် သမျှဟာ သူ့ကံကြမ္မာနဲ့သူ ရှိနေတတ်ကြတာပါ။ ဘယ် လောက်ပဲ ကျားရှေ့မှောက်ရက်လဲလဲ သေနေ့ရှိမှ သေ တတ်ကြတာမျိုးပါ”

“ဒါဖြင့် ငါခိုင်းစေတဲ့အတိုင်း မဖြစ်နိုင်ဘူးပေါ့ ဟုတ် လား”

“မှန်ပါတယ် နယ်စားကြီး။ ကျွန်တော့်ဘက်က ကံ သေကံမ အာမ မခံနိုင်လို့ပါ”

သည်အဖြေ စကားကြားရတော့ နယ်စားကြီးဟာ ထောင်းခနဲ ဒေါသဖြစ်သွားတယ်။ ဒေါသစိတ်ဆိုတာ



ထိန်းချုပ်နိုင်မှု မရှိရင် မဖြစ်သင့်တာတွေ ဖြစ်လာတတ်တာပဲ မဟုတ်လား။ အခုလည်း သူအုပ်ချုပ်ရတဲ့ နယ်မြေမှာ ဘုရင်တစ်ပါးနဲ့မခြားဖြစ်နေတဲ့နယ်စားကြီးဟာ သူလက်ညှိုးညွှန်ရာ ရေမဖြစ်ရကောင်းလားဆိုပြီး အမှားအမှန် မဆင်ခြင်နိုင်တော့ဘဲ . . .

"ဟေ့ . . . ဂျာဘောက်၊ မင်းဟာ မုဆိုးဖြစ်ရက်နဲ့ အင်မတန် သွေးနည်းတဲ့ကောင်။ မင်းမဖြစ်နိုင်ဘူး ထင်တာတွေငါဖြစ်အောင်လုပ်ပြမယ်။အေး...အဲသလို လုပ်ပြပြီးရင် မင်းရှေ့မှာ သားကောင်တွေကို ချပြမယ်။ ပြီးတော့ . . . မင်းကို အတော်လျော့တဲ့မုဆိုးရယ်လို့ ကမ္ဘည်းနှိပ်ပြီး အရှက်ခွဲရမယ်။ ခုတော့ . . . ငါ့အမိန့်ကို ဖီဆန်တဲ့အတွက် ထိပ်တုံးထဲမှာ နေလိုက်ဦး"လို့ ဆိုပြီး အချုပ်ခန်းထဲ ထည့်လို့ ထိပ်တုံးခတ်လိုက်ပါတော့တယ်။

"ဟေ့ . . . လောကမှာ တကယ်ဖြစ်ချင် တကယ်လုပ် . . . အဟုတ်ဖြစ်မယ်ကွ။ ဂျာဘောက်လည်းလူ၊ ငါလည်းလူပဲ။ လူလူချင်းမဖြစ်နိုင်တာ ဘာရှိရမှာလဲ"

နယ်စားကြီးက အဲသည်လို ကြုံးဝါးရင်းကနေ တပည့်တပန်းတွေကို ခေါ်ဆောင်လို့ တောဝက်တွေ ကျင်လည်ကျက်စားလေ့ရှိတဲ့ မျှစ်စို့တောထဲကို အလုံးအရင်းနဲ့ ဝင်သွားတော့တယ်။

"ဟေ့...မင်းတို့ကလျှိုမြောင်ဝကိုသွားပိတ်။ဒီဘက်က ကောင်တွေက တောခြောက်ဖို့လုပ်ကြ။ တောဝက်တွေ ထွက်လာတာနဲ့ ငါတို့က တစ်ခါတည်း ကိစ္စတုံးပစ်မယ်"

အဲသည်လို စီမံကွပ်ကဲပေမဲ့ ဘယ်တောဝက်မှ ထွက်မလာပါဘူး။ သားကောင်တွေမှန်သမျှဟာ သူတို့မှီတင်းနေထိုင် သွားလာကျင်လည်တဲ့ တောရဲ့အနေအထားကို ကျွမ်းပြီးသား။ ရန်သူအနှံကိုလည်း အမြဲတမ်း စွင့်နေပြီးသား။ အဲသည်လို အနေအထားမှာမှ ငါလုပ်ရင် ဘာမဆိုဖြစ်တယ်ဆိုတဲ့ နယ်စားကြီးအဖို့ တောဝက်နဲ့ မဆုံရတာ မဆန်းပါဘူး။ ဘာဖြစ်လို့လဲဆိုတော့နယ်စားကြီးနဲ့ သူ့တပည့်တပန်းတွေအားလုံးဟာ တစ်ခါဖူးမျှ မုဆိုးအလုပ်ကို လုပ်ကြတဲ့သူတွေမှ မဟုတ်ဘဲ။ တောင်အကြောင်းလည်း နားမလည်၊ တောင်အကြောင်းလည်း မသိ။ သားကောင်ရဲ့ ဓလေ့သဘာဝ၊ ကျင်လည် ကျက်စား သွားလာမှု စရိုက်လက္ခဏာ ဘာဆိုတာ သိဖို့ရာဝေးလာဝေး။ သည်တော့ တောဝက်လို အကောင်မျိုးကို ဘယ်လိုနည်းဗျူဟာသုံးပြီး ဖမ်းဆီးပစ်ခတ်ရမယ်ဆိုတာ မသိကြဘူးပေါ့"ဒါနဲ့ပဲ တစ်နေရာကို ပြောင်းလိုက်ကြတယ်။

အဲသည်မှာ ကံဆိုးမိုးမှောင်ကျချင်လို့လား မပြောတတ်ဘူး။ ကြွေကျနေတဲ့ ရေသဖန်းသီးတွေစားနေတဲ့ ဝက်တောင်းကြီးတစ်ကောင်ဟာ လူသံတွေကြားတာနဲ့ လှည့်အပြေး၊ သူ့ပြေးလမ်းမှာရပ်နေတဲ့ နယ်စားကြီးကို ဝင်ပက်ထည့်သွားပါလေရော။

"ဟာ . . . ဟာ. . . ဝက်တောင်းကြီး။ ပြေးပဟေ့ ..."
"အဲဒါ အရေးမကြီးဘူး။ နယ်စားကြီးကို ကြည့်ပါဦး"
"အို . . . ဟုတ်ပါရဲ့။ နယ်စားကြီး . . . နယ်စားကြီး"
"ဟယ်. . . ဗိုက်ပွင့်ပြီး အူတွေ ပြတ်ထွက်နေပြီး ..."
"ဘုရား . . . ဘုရား"

နယ်စားကြီးရဲ့ ကံကြမ္မာဟာ အင်မတန် ဆိုးလှပါတယ်။ ဝက်ပက်တဲ့ဒဏ်နဲ့ မရှုမလှ သေပွဲဝင်ခဲ့ရပါပြီ။ သည်တော့ တပည့်တပန်းတွေလည်း နယ်စားကြီးရဲ့အလောင်းကို ဝမ်းနည်းပက်လက်နဲ့ သယ်လာရတော့တယ်။

တကယ်တော့ သည်ကနေ့ဟာဖြင့် နယ်စားကြီးရဲ့ သားအဖို့ မင်္ဂလာပွဲ ကျင်းပရမယ့်နေ့ပါ။ ဒါပေမဲ့ မင်္ဂလာရက်ကို ရွှေ့လိုက်တယ်။ မရွှေ့လို့လည်း မဖြစ်ဘူးလေ။ သည်ကနေ့က ဖခင်နယ်စားကြီးရဲ့ရက်လည် မဟုတ်ပါလား။

ရက်လည်ပြီးတဲ့အခါမှာတော့ အဲသည်ဒေသရဲ့



ထုံးစံအရ သားဖြစ်တဲ့ သူဟာဖခင်ရဲ့ အရိုက်အရာကို ဆက်ခံရပါတယ်။ သည်အခါနယ်စားကလေးလည်း အချုပ်ခန်းထဲမှာရှိနေတဲ့ မုဆိုးကြီးဦးဂျာဘောက်ကို ထိပ်တုံးက လွှတ်စေပြီး အပြင်ကို ခေါ်ထုတ်လိုက်ပါတယ်။ မုဆိုးကြီး အပြင်ကို ရောက်လာတဲ့အခါ သူသိချင်တာတွေကို မေးပါတော့တယ်။

"မုဆိုးကြီး . . . ကျွန်တော့်ဖခင်က ဘာအမှားတွေ ကျူးလွန်မိလို့ သေရတာပါလဲ"

"နယ်စားလေး . . . သင့်ဖခင်ဟာ ကိုယ့်နေရာကိုယ် မနေ၊ ကိုယ်ကျွမ်းတဲ့အလုပ် ကိုယ်မလုပ်၊ မထားသင့်တဲ့ မာန်မာန ထားမိလို့ သေရတာပါ"

"သေသေချာချာ ရှင်းပြပါလား . . . မုဆိုးကြီး"

"ဟုတ်ကဲ့ပါ . . . နယ်စားလေး"

မုဆိုးကြီးလည်း ပြောပြောဆိုဆိုနဲ့ သူ့ကိုယ်ပေါ်က အင်္ကျီကိုချွတ်ပြီး ပုဆိုးကို ကတောင်းမြှောင်အောင် ကျိုက်လိုက်ပါတယ်။

"နယ်စားလေး . . . သေသေချာချာကြည့်ပါ။ ဟော သည်ပုခုံးကဒဏ်ရာကို တွေ့တယ်မဟုတ်လား။ အဲဒါ ကျားသစ်အကုတ်ခံထားရတဲ့ ဒဏ်ရာပေါ့။ ဟောသည် ပေါင်ကိုလည်း ကြည့်လိုက်ပါဦး"

"ဟင် . . . နည်းနည်းနောနော အမာရွတ်ကြီး မဟုတ်လား"

"မှန်ပါတယ် . . . နယ်စားလေး။ အဲသည် သေရာပါ အမာရွတ် ဒဏ်ရာတွေဆိုတာ ကျွမ်းကျင်တဲ့ မုဆိုး တစ်ယောက် ဖြစ်လာစေဖို့အတွက် ပေးဆပ်ခဲ့ရတဲ့ အရင်းအနှီးတွေပါပဲ။ ဘယ်အရာမဆို ပေးဆပ်ခြင်း မရှိဘဲနဲ့ ရယူနိုင်ခြင်း မရှိပါဘူး။ မုဆိုးနဲ့သားကောင် ဆိုတာ သူတစ်ပြန်ကိုယ်တစ်ပြန် မုဆိုး၊ သားကောင်ဖြစ် တတ်တာချည်းပါ။ အတတ်ပညာ၊ ဉာဏ်ရည်၊ ကျွမ်း ကျင်ဖျတ်လတ်မှုရှိတဲ့သူသာ မုဆိုးပါ။ မဟုတ်ရင်တော့ သားကောင်ဖြစ်ရစမြဲပါ။

မုဆိုးလေး . . . သင့်ဖခင်ဟာ ဘာမဆို ငါလုပ်ရင် ဖြစ်ကို ဖြစ်ရမယ်လို့ တစ်လွဲမာန ထားခဲ့တယ်။ ကိုယ်မကျွမ်းတဲ့အရပ်၊ ကိုယ်မကျွမ်းတဲ့အလုပ်ကို လုပ် ခဲ့လို့ မုဆိုးမဖြစ်ဘဲ သားကောင်ဖြစ်သွားခဲ့ရတာပေါ့။ အသက်ကို မတန်တဆ ပေးခဲ့ရတာပေါ့"

"အို . . . မုဆိုးကြီး။ ကျွန်တော် နားလည်သဘော ပေါက်သွားပါပြီ။ သွားလေသူ ဖခင်ကို ခွင့်လွှတ်ပါ။ ဖခင်ရဲ့ လုပ်ရပ်အတွက်တောင်းပန်ပါတယ်"

"ရပါတယ် . . . နယ်စားလေးရယ်။ ဒါမျိုးဆိုတာ ဖြစ်တတ်ပါတယ်"

"ကိုင်း . . . မုဆိုးကြီးရယ်။ ဟောဒါ ကျွန်တော့်ရဲ့ လက်ဆောင်ပါ။ မုဆိုးကြီး ပြန်မယ်ဆို ပြန်နိုင်ပါပြီ။ ပြီးတော့ . . . လာမယ့်အပတ်မှာ ကျင်းပမယ့် ကျွန် တော့်ရဲ့ မင်္ဂလာဧည့်ခံပွဲကို ကြွရောက်ဖို့ ဖိတ်ကြားပါ တယ်။ ကြွခဲ့ပါနော်"

"ဟာ . . . လာရမှာပေါ့။ နယ်စားလေးနဲ့ ရင်းနှီး ကျွမ်းဝင်သွားပြီပဲ ဥစ္စာ"

အဲသည်နောက်မုဆိုးကြီးဟာ သူ့အရပ်ကို ပြန်သွား ခဲ့ပါတယ်။

သိပ်မကြာပါဘူး။ မင်္ဂလာပွဲကျင်းပဖို့ နှစ်ရက်အလို မှာ မုဆိုးကြီးဦးဂျာဘောက် ပြန်ရောက်လာပါတယ်။ လာမယ့်လာတော့လှည်းတစ်စီးနဲ့။ လှမ်းပေါ်မှာတော့ မု ဆိုးကြီးရဲ့ လက်ဖွဲ့အဖြစ် သမင်သုံးကောင်၊ ဆတ်သုံး ကောင်၊ တောဝက်သုံးကောင်နဲ့ဒေါင်းငါးကောင်လည်း ပါလာလေရဲ့ . . . ။

နန္ဒာမိုးကြယ်



ဖိုလ်မှူးဘဲကြီးသူရိယအောင်ချို



ကလေးတို့ရေ ^^^

ဗမာတပ်မတော်ရဲ့သမိုင်းမှာ သူရဲသတ္တိနဲ့ပတ်သက်လို့အမြင့်ဆုံးဘွဲ့တံဆိပ်ဖြစ်တဲ့ဗိုလ်ချုပ်အောင်ဆန်းသူရိယဘွဲ့တံဆိပ်ကို သတ္တိဝီရဘွဲ့ရဲ့အရင်းပြုပြီး တိုက်ထိုက်တန်ကန်လက်ဝှေ့ရုပ်ရှင်ခဲ့ကြတဲ့ သူရဲကောင်းကလေးတွေပါ ကျိုးပါတယ်ကွယ် ^^^

အဲဒီတစ်ပတ်ထောက် ဗိုလ်မှူးအောင်ဆန်းသူရိယအောင်ချို အကြောင်းပြောကြမို့ ကလေးတို့ရေ ^^^

ဦးခိုင်ပန်းခိုင်အကြောင်း ကျွတ်ထူးအဓိပ္ပာယ်ဆုံးဖောင်ဆန်းသူရိယဘွဲ့တံဆိပ်ပိုင်ရှင် (တပ်မတော်) အဆင့်ကအနေစပြီး ပြောခဲ့ကြို ကျွတ်ထူးအကြီးဆုံး (ဗိုလ်မှူး) အဆင့်ကိုတဲ့ ဖောင်ဆန်းသူရိယအောင်ချို အကြောင်းကို အသေးစိတ်ရှာကြံဆုံးမှ ပြောပြရပေမယ့် – အာမခံကတော့ ဗိုလ်မှူးအောင်ချိုဟာ၊ ဖောင်ဆန်းသူရိယဘွဲ့တံဆိပ်ကိုပထမဦးဆုံး ချီးမြှင့်ခြင်းခံရတဲ့ သူရဲကောင်းပါဘဲ ကလေးတို့ရေ ^^^

မဟုတ်ဖခဲ့စိတ်အိုတ်မှာ ပျော်ပျော်ကြွေတတ်တဲ့စရိုက်နဲ့ပေါင်းစပ်ပြီး ဘဝကိုတည်ဆောက်ပြုတ်ကျော်ခဲ့တဲ့ သူရဲကောင်းတစ်ယောက်ရဲ့ ဘဝ, အစကတော့ ^^^^^

ဒို့ဝိပါ – ကလေးတို့ရေ ^^^

(၂၂.၂.၂၀၁၈) ခုနှစ်မှာမောင်ဆားချိုကိုတွဲဆော်မြို့ကမ်းခြေပိုင်းမှာမွေးပါတယ်၊ ဘာဆင်းရဲမွေစာရင်းဘဝစတင်ဆော်ခဲ့တာနဲ့ ဖြတ်ကခဲ့ရပါတယ်။ အဲဒီချိုဟာ ၅ နှစ်သားမှာ တွဲဆော်မြို့ အဂ်လိပ်မော်သဒ္ဒကျောင်းမှာစ, တက်ပါတယ်ခင်ဗျာ




အေားချိုဟာအဲဒီလောက်ကြီးတဲ့ခွေးကြီးကို ဘယ်လိုလုပ်ပြီး ဖမ်းသွားမှာလဲ ဆိုတာကို ကျွန်တော်တို့ ဆက်ကြည့်ကြရအောင်
အုပ်... ဘာတဲ့တုန်း ဆိုတာနဲ့ ခွေးကြီးကို
အေားချိုသတ္တမတန်းအောင်တော့ အဖေ ဦးတင်ကရွှန်ကျွန် ဆက်သအဲ့ကျောင်းကိုဆက် ပို့တယ်လေ
(၁၉၃၇)ခုနှစ်မှာအေားချိုဆယ် တန်းအောင်တယ်၊ အောင်တာ မှလွဲကာထူး(၃)ဘာသာနဲ့လေ ရွှန်ကျွန်တက္ကသိုလ်ဆက်တက် တယ်

(၁၉၃၈) ခုနှစ်မြောက်အေားချိုတက္ကသိုလ်ဘဝပျော်တမ်းတယ်ဖွဲ့ (U.T.C.) ကိုဝင်တယ်။ ယုတိစိမ်္ခာအေားချိုဒဂုံးခွဲနိုင်ခဲ့ဘာသာပြန်ကဲသန့်ပစ် - ဝေ။



မဟုတ်မခံအေားချို၊ ပျော်ပျော်ကြီးတက်တဲ့အေားချိုစတဲ့ဝိသေသဝေ့ခွဲနဲ့တက္ကသိုလ်မှာအေားချိုပညာသင်နေတုန်းမှာဘဲ၊ ကမ္ဘာစစ်ကိုပါတွေ့သန်းလာတယ်။ (၁၉၄၁၊ ဒီဇင်ဘာလ) မှာဗုလဲ့ဆိပ်ကမ်းကအာမေရိကန်ရေတပ်စခန်းကြီးကိုဂျပန်လေတပ်ကလင်ကြီးတယ်။ အဂ္ဂေါအာဂ္ဂစစ်ကြီးစခဲ့ပြီပေါ့ကွယ်ဆဆဆ



၁၉၄၁ ခုနှစ်ဒီဇင်ဘာလမှာအေားချိုတို့တက္ကသိုလ်ကျောင်းတိုက်ကြီးကိုဂျပန်အာကာသတပ်မဖျိုပါတ်ရဲကြီးတယ်၊ အေားချိုတို့တောင်းပြန်ရောက်လာတယ်ဝေ့ဆ


အဲဒီဟာမျိုးကနိုင်ငံဟာခြေအနေကလည်းဘာဂိုလိပ်မှအစိုးရဟာဆက်လက်တည်ရှိနေတဲ့အပျိုနှမ
ဖြစ်တော့ (သခင်ဖေကင်ဆန်း)ခေါင်းဆောင်တဲ့ဘီအိုင်အေတပ်မတော်ကြီးက
လည်းလျှပ်တပ်မတော်ကိုဒုဘက္ကူဟုဦးဒဗယား(ထိုင်း)ကနေမျိုတက်လာနေတဲ့အာ
ဏာရှိန်ပေါ့ကွယ်ဇဇဇ
ကြာမီရဲတော်သုံးကျိပဖင်
ဖြူလဂဒွင်ဦးဆောင်တဲ့ဘီအိုင်
အေစစ်ကြောင်းတွဲဆော့ကော်
လာတယ်။ ထိုးစျေးဘီအိုင်အော
တဖဆဝင်လိုက်တယ်လေ။ ကျိုက်
ကူန်းစာနန်းမြောသင်တန်းတက်ရ
တယ်။ ဘကျေးရွာသင်တန်း ၁၁း(၂၅)
ယောက်မြောထိုးစျေးပြီးပါတယ်။

သူရဲကောင်း–စုံဖြိုး


သင်တန်းကျောက်တိုပေမယ့်၊ စစ်ပညာကိုတော့ ဟုပြည့်အဝနဲ့ ဟုပြင်းဖာထေးပေးကျွေး
သင်ယူကြရပါတယ်။ သင်တန်းခင်းတော့ ဖောင်းခဲ့ပြီ၊ ဝမ်းလှိုင်းတုန်းစားး
ဗိုလ်အောင်ခဲ့ပြီပေါ့ကွယ်
ဗိုလ်တေဇ
ဟာသကင်မမာ
နဲ့ဟာတူ ဗိုလ်
ဦးဘောင်တဲ့
ပြည်ခဲ့ပို့စစ်ကြောင်း
ဖောင်းခဲ့ပါသွား တယ်


ဗိုလ်အောင်လျှိုတို့ဟာကြောင့်/ရေစစ်ရေကောင်းခဲ့လို့ကျွဲငှက်ငြိုးလင်းခဲ့ကြတာမောင်လှိုက်
ကျောက်တောမဆွေးကိုပြန်ဆင်းခဲ့ရတာယင်လေ၊ ဖြစ်ကြောင်းအကြောင်းကိုပြုကာသိမ်းပြီး
ဘိုးဘိုးတို့(ဗမာ့ကာကွယ်ရေးတပ်မတော်)ဖွဲ့တယ်။ ဗိုလ်အောင်လျှိုဟာ
ဘိုးဘိုးတပ်ဂြိုး(၁)တပ်ခွဲ(၃)မှာတပ်ရင်းမှူးကတဆင့်ထမ်းခေါ်ရတယ်။
အလျှိုနှံကာလကလည်း
ပျဉ်ပန်တပ်နဲ့ပြန်မှာတို့အကြောင်း
ပင့်မကူတို့ကကြီးထွားလာတဲ့အလျှိုနှံ။
ဗိုလ်အောင်လျှိုတို့ကတော့ ပျဉ်ပန်အဖိုက
စစ်ပညာရှင်သမျှအကြွေးသင်ယူနေတဲ့
အလျှိုနှံဘဲပေါ့။ ဖြစ်ကြောင်းစက်မှုတပ်
ရင်းပြုရင်းဖွဲ့တယ်။ ဗိုလ်အောင်လျှိုက
စက်မှုတပ်ရင်းပြုမှာတာဝန်ကျ
ပြန်တယ်လေ ^^^


ဗိုလ်ခေါင်းပြိုကိုစစ်ကြီးတပ်ရင်း(၂၂)ဟာသရက်ဝန်းကျင်ရောက်ခဲ့ကြတာ ကျည်ဗုံးရာ၊ ဆောက်-
စဖမ်းကြီးကျွန်ုပ်ခေတ်ပြောင်းခဲ့ကြတယ်။ ၁၉၄၅ မတ်လ(၂၈)ရက်ဖြစ်နေ့မှာ-
စဖမ်းကြီးကျွန်ုပ်ကဘဲလျှပန်ကိုတော်လှန်ခဲ့ကြတယ်လေ ဂဂဂ
ပြာ!!
ပြာ!!
ပြာ!!!



ဗိုလ်အေားညီကို စက်မှုတပ်ရင်း (၂) ဟာ စဖွဲ့ကြီး ဂျာမမြင်းကျား၊ မြင်းကျားမှစက္ကူ၊ စက္ကူမြို့ခံယ်ထဲက မြင်းဂျာမော်ဂျာတန်းဝိုင်းဖွင့်ခဲ့တယ်။ တစ်ရှဲ့ - ဝက္ကျာပြု၊ တော ဂျာမော်ဂျပန်တဖတ်စ်ဝတဖ်ကျောက်ရှိရေတယ်သဲတင်း ၅၄၄ ဗိုလ်အေား ညီကို ဟာတဖ်ရင်း မှော်း ဗိုလ်မှော်း မိုးညှင်ထဲ့ခွင့်တောင်း ပြီး တဖ်စီဖ်တစ်စီဖန့်ထွက် ခဲ့တဲ့ယ






ဗိုလ်ကြီးအေားညီကပြီးတယ်။ ဂုဏ်အာ်တစ်ယောက်ရဲ့ပုဆိုးစုတ် ခုံလဲဝတ်ထယ်၊ စာဘက်ဖိုဘပေါင်း တစ်ထည့်အိုင်းမှာပတ်ရှိအာ်တယ်၊ သဒ္ဓါစစ်အေားရဲ့ပုဂ္ဂိုလ်ကြမ်းဒုတ်ကို လဲဝတ်တယ်၊ သစ်ကိုင်း ရောက်တော့ ကိုစုပြီးထင်စွန့်ရုပ်ပုံခုံး ပေါ်မြောတဖ်းလိုက်ဆော့၊ တက္ကသိုလ်ကျောင်းသား အေားညီ ဝံပုဂ္ဂာသွားပြီ၊ ထင်းခုတ်သမား ဖောသား ကြီး အေားညီပေါ့ ၅၀၀


ဗိုလ်ကြီးထား ချီဟာထင်းစည်းကိုထမ်းပြီးလာတယ်။ မကြာပါဘူး –
ထမင်းချက်နေတဲ့ ဂျပန်စစ်သားက ထင်းစည်းကိုလက်ညှိုးထိုး ပြပြီး မေးတော့
တာပါကဲ့ကွယ်။
ဟေး ...
ဘိုရားမှာ ...
ဘိုရားမှာ ...
ဂျပန်စစ်သားဒေါသထွက်ပြီးအော်ချိုကိုရိုက်ဖို့ပြင်
တယ်။ မဟုတ်မခံထား ချီလက်မခြေး ပါဘူး။ သူ့က
ဦးအောင်ဆောတည့်လိုက်တယ်လေ ...
ဒေါက်
အားချီကထင်းစည်းအပေး
ဂျပန်ကိုအပယ်၊ လွှဲပြီးထင်း
စည်းကပြုတ်ကျတယ်။
ချက်နေတဲ့ထမင်းချိုင့်တွေ
မြေကြီးကျန်တာပေါ့
ကဲ ကလေးတို့ရေ ...
မဟုတ်မခံဗိုလ်ကြီး
ထားချီကတော့ ပြဿနာ
ကိုစလိုက်ပြီပေါ့ကွယ် ...
ဒို့တိုက်ပွဲရဲ့အပြေကို
တော့ ဒနောက်တစ်လ
မှာ - ...
ဦးဦး
ခဲ့ကြပါ ...

ဂိုးသားပါဒဒုနဲ့ထီးဝိဇိုင်မင်း

လင်းသက်ခိုင်





ဟိုးရှေးရှေးတုန်းက တိုင်ပြည်တစ်ပြည်မှာ ဘုရင်ကြီးတစ်ပါး ထီးနန်းစိုးစံတော်မူသတဲ့ကွယ်။ အဲဒီဘုရင်ကြီးရဲ့ အနားမှာ အမြဲတန်းခစားနေတဲ့ ပညာရှိအမတ် ကြီးတစ်ပါးလည်း ရှိသတဲ့ကွယ်။ ဘုရင်ကြီးဟာတိုင်းရေးပြည်ရာတွေကို လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ အမတ်ကြီးရဲ့ အကြံဉာဏ်တွေကို ယူပြီးမှ တိုင်းပြည် ရေးရာကိစ္စအဝဝကို စီမံခန့်ခွဲလေ့သတဲ့။

အမတ်ကြီးရဲ့ အကြံဉာဏ်တွေကလည်း ကောင်းမွန်သင့်မြတ်တဲ့ အကြံဉာဏ်တွေဖြစ်တာမို့ ဘုရင်ကြီး အုပ်ချုပ်တဲ့တိုင်းပြည်မှာ သာယာစည်ပင် ဝပြောလျက် ရှိသတဲ့ကွယ်။

ဒီလို့နဲ့တစ်နေ့တော့ ဘုရင်မင်းမြတ်ဟာ ပညာရှိအမတ်ကြီးကိုခေါ်ယူပြီး တိုင်ပင်သတဲ့။

"ဒီမှာအမတ်ကြီး ကျွန်ုပ်စိုးစံအုပ်ချုပ်သော ဤနိုင်ငံတော်တွင် အခွန်တော် ကောက်ခံရန် ရိုးသားဖြောင့်မတ်တဲ့ ဝန်မင်းကလေးတစ်ဦးကို ခန့်ထားနိုင်ရင်တော့ ရှေးယခင်ကထက် အခွန် ဘဏ္ဍာငွေများရှေးကထက် ပိုမိုကောက်ခံ ရရှိဖွယ်ရာရှိတယ်လို့ ငါကိုယ်တော် ထင် မှတ်တော်မူတယ်"

ဘုရင်ကြီးရဲ့စကားကိုနားထောင်ပြီးတဲ့နောက်မှာတော့ အမတ်ကြီးက ပြန်ပြီလျှောက်တင်သတဲ့။

"သင့်မြတ်တော်မူတဲ့အကြံဉာဏ်ဖြစ်ကြောင်းပါဘုရား။ သို့အတွက် အရှင်မင်းမြတ်ရဲ့ အကြံဉာဏ်ကို အသင့်မြတ်ဆုံးဖြစ်အောင် အကောင်အထည်ဖော်ပေးပါမည် ဆိုတဲ့အကြောင်း လျှောက်တင်ပါတယ် ဘုရား"

"အိမ်း ကောင်းပေရဲ့ကွာ။ ဒီလိုဆိုလည်း အမတ်ကြီးက အဲ့ဒီအခွန်ဝန်ကိုဘယ်လိုများရွေးချယ်မလဲဆိုတာ လင်းစမ်းပါဦးလေ" အမတ်ကြီးကလည်း မဆိုင်းမတွပင် လျှောက်တင်သတဲ့။

"အရှင်မင်းမြတ် ကျွန်တော်မျိုးသည် အရှင်မင်းမြတ်ထံပါးသို့အခွန်ဝန်လောင်းကလေးများကိုတစ်ဦးချင်း စေလွှတ်ပေးပါမည်။ အရှင်မင်းမြတ် ရှေ့ကို ရောက်သူအားလုံး အရှင်မင်းမြတ်ကို တစ်ဦးချင်းစီကပြ အသုံးတော်ခံစေပါဘုရား"

အမတ်ကြီးက ထိုသို့ လျှောက်တင်သောအခါ ဘုရင်ကြီးက အမတ်ကြီးကို အံ့သြသင့်သောအမူအရာနှင့် ကြည့်ပြီး . . .

"ဘယ်လို . . . အမတ်ကြီးရဲ့ခင်ဗျား လွှတ်လိုက်တဲ့အခွန်ဝန်လောင်းကလေးတွေ ကျုပ်ရှေ့ရောက်တာနဲ့ တစ်ဦးချင်းစီကို ကခိုင်းရမယ်ဟုတ်လား။ ဘာလို့ ကခိုင်းရတာလဲအမတ်ကြီးရဲ့ ကျုပ်လိုချင်တာက အခွန်ဝန်လေ၊ အကဝန်မဟုတ်ဘူး အမတ်မင်းရဲ့"

ထိုအခါ ပညာရှိအမတ်ကြီးက ဘုရင်ကြီးကို ပြုံး၍ ကြည့်ရင်းမှ "ကျွန်တော်မျိုး လွှတ်လိုက်တဲ့သူတွေကို သာ ကခိုင်းတော်မူပြီး မှသာလျှင် အရှင်မင်းကြီး မည်သူ့ကို ရွေးရမည်ဆိုသည်ကို ဆုံးဖြတ်၍ ရတော်မူပါမည်။ အရှင်မင်းမြတ်၊ ထိုအတွက်ကျွန်တော်မျိုး အကြံဉာဏ် ပေးတဲ့အတိုင်းသာ စီရင်တော်မူပါဘုရား" လို့ ပြန် လျှောက်တင်လိုက်သတဲ့။

ဒီလို့နဲ့အမတ်ကြီးသတ်မှတ်ထားတဲ့အခွန်ဝန်ရွေးပွဲနေ့ရောက်တဲ့ အခါတော့ ဘုရင်မင်းမြတ်ဟာ ကျယ်ဝန်းလှတဲ့ ညီလာခံခန်းမကြီးအတွင်းရှိ သလွန်တော်ပေါ်မှာစံနေတော်မူသတဲ့။ အဲဒီညီလာခံခန်းမကြီးထဲကို ရောက်ဖို့အတွက် အလွန်ကျဉ်းမြောင်းပြီး မှောင်မိုက်နေတဲ့ လမ်းကြားထဲကသာသွားလို့ရသတဲ့။ အမတ်ကြီးကလည်း အခွန်လောင်းလေးတစ်ဦးစီကို လမ်းကြားလေးကနေ ဘုရင်မင်းမြတ်ရှိတဲ့ ညီလာခံခန်းမဆီကို လွှတ်ပေးလိုက်သတဲ့။

လူအားလုံးလည်း ကုန်ရော အမတ်ကြီးဟာ



နောက်ဆုံးက ဝင်လိုက်သွားသတဲ့။ ဘုရင်မင်းမြတ်ထံမှာ အားလုံး လူစုံရောက်တယ်ဆိုရင်ပဲ ဘုရင်မင်းမြတ်ကအမတ်ကြီးရဲ့ မူလအစီအစဉ်အတိုင်း သူ့ရှေ့မှာ လာရပ်နေတဲ့ အခွန်ဝန်လောင်းကလေးတွေကို တစ်ယောက် ချင်းစီ သူ့ရှေ့မှာ ကခုန်ဖို့အမိန့်ပေးလိုက်သတဲ့ကွယ်။

အဲဒီအခါမှာတော့ အရွေးခံရသူအားလုံးဟာ ထိပ်ထိပ်ပျာပျာနဲ့ မကတတ်ပါဘူးလို့ သံပြိုင်ငြင်းဆိုကြတာပေါ့။ ဒီလို အားလုံး ငြင်းဆိုနေတဲ့ကြားကနေမှ မောင်သစ္စာဆိုတဲ့ သူတစ်ယောက်ဟာ ဘုရင်မင်းမြတ်ရှေ့ကိုသွားရပ်ပြီးသူတတ်သမျှ၊ရသမျှအကတွေနဲ့ ကွေးနေအောင် ကပြတော့တာပေါ့ကွယ်။

ဒီအခါမှာတော့ ပညာရှိအမတ်ကြီးက ချက်ခြင်းပင် "အရှင်မင်းကြီးရှေ့မှာ ကပြနေတဲ့ မောင်သစ္စာကို သာအခွန်ဝန်အဖြစ် ခန့်တော်မူပါ။ ဘာပြုလို့လဲဆိုတော့ ကျန်သူများဟာ မရိုးသားသူများဖြစ်လို့ပါ" လို့ လျှောက်တင် သတဲ့ကွယ်။

ကလေးတို့ရေ အမတ်ကြီးက မောင်သစ္စာကို အခွန်ဝန်မင်းအဖြစ်ခန့်ဖို့ ဘာလို့ရွေးတာလဲဆိုတာ သိကြရဲ့လား။ မသိရင်ဦးဦးကပဲ ပြောပြပါ့မယ်နော်။

ဒီလိုကွယ့် အခွန်ဝန်မင်းရာထူး ကိုလိုချင်တဲ့ အခွန်ဝန်လောင်းလေးတွေဟာ ဘုရင်ကြီးရှိတဲ့ ညီလာခံကိုသွားတဲ့လမ်းမှာ မှောင်မိုက်နေတဲ့လမ်းကျဉ်းလေးထဲကနေ ဖြတ်သွားမှ ရောက်တာမဟုတ်လား။ အဲဒီတော့မှောင်နေတဲ့လမ်းကြားထဲမှာ အမတ်ကြီးက ရွှေဒင်္ဂါးပြားတွေထည့်ထားတဲ့အိတ်တွေကိုပစ်ချထားတော့ ဒီရွှေဒင်္ဂါးပြားအိတ်တွေကို ဝင်တိုက်မိပြီး ရွှေဒင်္ဂါးပြားမှန်းသိလို့ သူတို့ရဲ့အိတ်တွေထဲမှာ ခိုးယူဝှက်ထား ကြလို့ပဲပေါ့ကွယ်။ သူတို့ရဲ့ ခန္ဓာကိုယ်ထဲမှာ ခိုးယူဝှက်ထားတဲ့ရွှေဒင်္ဂါးအိတ်တွေရှိနေတာမို့ ဘုရင်ကြီး ကခိုင်းလိုက်ရင် တချွင်ချွင်နဲ့ အသံတွေ ထွက်လာမှာစိုးရိမ်ပြီး ကဖို့ငြင်းဆိုကြတာပေါ့ကွယ်။


ခုနက ဘုရင်ကြီးရှေ့မှာ ကပြအသုံးတော်ခံသွားတဲ့ မောင်သစ္စာကတော့ မှောင်မိုက်တဲ့ လမ်းကြားကနေ လာပေမယ့် ဘာရွှေဒင်္ဂါးတစ်ပြားတစ်ချပ်ကိုမှ ခိုးဝှက် ယူဆောင်ခြင်း မရှိလို့ပေါ့ကွယ်။

အဲဒီလို ခန္ဓာကိုယ်ထဲမှာ ရွှေတွေဝှက်ယူထားခြင်းမရှိတာမို့၊ဘုရင်ကြီးကခိုင်းတယ်ဆိုရင်ပဲရဲရင့်ဝံ့ဝံ့နဲ့ကပြနိုင်တဲ့သူကို ရွေးချယ်ဖို့သင့်ပါတယ်။ သူလိုရိုးသားဖြောင့်မတ်တဲ့သူမှလည် ဒီလိုအခွန်ကောက်ခံရမယ့် ဝန်မင်းရာထူးနဲ့ ထိုက်တန်ပါတယ်လို့ပြောရင်း ပုံပြင်လေးကို နိဂုံးချုပ်လိုက်ရပါတယ်။

သားသားမီးမီးတို့လည်း တိုင်းပြည်တာဝန်တွေကို ထမ်းဆောင်တဲ့အခါ ရိုးသားတဲ့ အခွန်ဝန် မောင်သစ္စာလို လူမျိုးဖြစ်ကြပါစေကွယ်။

လင်းသက်ခိုင်

ခြင်္သေ့ကြီးရေမိသားစု



ခြင်္သေ့ကြီးလီယို ရေဆိပ်ကို ဆင်းလာတယ်။ဒီညသားကောင်ကြီး တစ်ကောင် ဖမ်းဖို့ဆုံးဖြတ်ထားတယ်။ သူဇနီးနဲ့ကလေးတွေဆာလောင် နေကြပြီ။



ချက်ချင်ပဲ သူရပ်လိုက်ပြီး ခေါင်းမော့ကာ အနံ့ခံလိုက်တယ်။ သူနဲ့မရင်းနှီးတဲ့ အနံ့တစ်ခု သူနှာခေါင်းထဲ စူးရှစွာဝင်လာတယ်။ ဒါဟာ တောထဲမှာသူ့အ တွက် အန္တရာယ် တစ်ခုရှိနေတယ်လို့ ဆိုတာပဲ။



လီယို့ နှာခေါင်းက သူ့ကိုမညာဘူး။ တောအနောက်ပိုင်းမှာ မီးတောက်တစ်ခု ကသစ်ပင်တွေနဲ့ ရှိသမျှအရာတွေကို လောင်ကျွမ်းရင်း သူ့လမ်းတစ်လျှောက် ရှိသမျှကို လောင်ကျွမ်းနေတယ်။



နောက်ထပ် သတိပေးချက် တစ်ခုက ကောင်းကင်ပေါ်က နေလာတယ်။ တောထဲက ငှက်တွေအားလုံးကြောင့် ကောင်းကင်ဟာ မည်းမှောင်သွား တယ်။ သူတို့က အုပ်စုလိုက် ပျံသန်းတော့ သစ်ရွက်တွေ လှုပ်ခတ်သံက ဆူညံနေတယ်။



မျောက်တွေကလည်း သစ်ပင်တစ်ပင်ကနေ တစ်ပင် ဆူညံစွာနဲ့ ကူးပြီးပြေး နေကြတယ်။



တောထဲက လမ်းကြားမှာ သားကောင်အကြီးရောအငယ်ပါပြည့်နှက်နေ တယ်။ အာလုံးဟာသူတို့အတွက် ဘေးလွတ်ရာကို ရှာနေကြတယ်။




အရင်တုန်းက ရန်သူဟောင်းတွေတောင် တစ်ကောင်နဲ့တစ်ကောင်မသတ်နိုင်ဘဲ ဘေးလွတ်ရာကို အတူယှဉ်ပြေးနေကြပါတယ်။




လီယိုဟာ တုန့်ဆိုင်းမနေဘဲ တိရစ္ဆာန်အုပ်ထဲ ခုန်ဝင်လိုက်တယ်။ ပြေးလွှားနေတဲ့ကြားထဲမှာ သူဝင်ပြေးတယ်။ မကြာခင်မှာ တိရစ္ဆာန်တွေနဲ့ ဆန့်ကျင်ရာကို သူပြေးသွားပြန်တယ်။




လီယိုရဲ့သားရဲတွင်းမှာ သူဇနီး ခြင်္သေ့မကြီးက ခြင်္သေ့ပေါက်လေးတွေနဲ့ ဂဏှာမငြိမ်ဖြစ်နေတယ်။ တစ်လောကလုံးဆူညံပွက်လော ရိုက်နေတာကိုး။



မီးတောက်က ကောင်းကင်ထဲကို ထိုးထွက်လာပြီး လောင်ကျွမ်းသံက ပိုကျယ်လာတယ်။ လီယိုဟာ မိသားစုဆီရောက်ဖို့ ရူးမတတ်ပြေးနေတယ်။ ဘာကိုမှ သူဂရုမစိုက်နိုင်ဘူး။



ခြင်္သေ့မက ဘာမှန်းမသိတဲ့ အန္တရာယ်ဟာ ပိုနီးကပ်လာပြီဆိုတာကို သိတယ်။ သားရဲတွင်းကို စွန့်ခွာရတော့မယ်။ ဒါပေမဲ့ ကလေးနှစ်ကောင်ကိုပဲ သူချီနိုင်တယ်။ ကလေး လေးကောင်စလုံးကို သူဘယ်လိုချီမလဲ။



သားလေးနှစ်ကောင်ကို သန်မာတဲ့သူ့သွားတွေနဲ့ချီပြီး ကျန်တဲ့နှစ်ကောင်ကို ဘယ်လိုလုပ်ရမလဲလို့ တွေးနေတယ်။ အဲဒီအချိန်လေးမှာပဲ လီယိုက တွင်းထဲ ခုန်ဝင်လာတယ်။



သားလေးနှစ်ကောင်ရဲ့ လည်ဂုတ်ကနေ လိယိုက ညင်သာစွာ ကိုက်ချီလိုက်တယ်။ ဒီနောက် လိယိုနဲ့ သူ့ဇနီးဟာ သူတို့အသိုက်ကို ဝမ်းနည်းစွာနဲ့ စွန့်ခွာသွားကြတယ်။



သူတို့လွတ်မြောက်ဖို့ မြစ်တစ်ဖက်ကမ်းကို ရောက်ဖို့လိုတယ် ဆိုတာ။ ခြင်္သေ့နှစ်ကောင်လုံးကသိကြတယ်။ ဒီလိုသွားဖို့က အဝေးကြီး အခု မီးက လည်းနီးနေပြီ။



မီးလောင်တဲ့ နှုန်းက အရင်ထက်များတယ်။ မီးပွားတွေဟာ အပင်အောက်ခြေတွေက မြက်တွေကိုလောင်ပြီး။ အပင်ပေါ်ကို ဆက်လောင်တယ်။ သစ်ကိုင်းတွေကျိုးကျေပြီး အပင်တွေ အက်ကွဲကုန်တယ်။



ကံမကောင်းတဲ့ တိရစ္ဆာန် အချို့ဟာ လဲကျတဲ့အပင်တွေ ဖိမိတာခံကြရတယ်။ အကူအညီမဲ့စွာနဲ့ သူတို့သေဆုံးချိန်ကိုစောင့်နေကြရတယ်။



တိရစ္ဆာန်တွေဟာ အုပ်စုလိုက်အုပ်စုလိုက် ပြေးကြတာမှာ အမြန်ဆုံးတိရစ္ဆာန်များနွယ်စုတွေက ကံအကောင်းဆုံးပေါ့။ ပေါက်ကွဲပြီးမီးလောင် ကျွမ်းနေတဲ့ တောအုပ်ရဲ့ အန္တရာယ်က လွတ်ဖို့ ဆိုတာမှာသူတို့ကို အမြန်နှုန်းကသာကယ်တင်နိုင်တယ်။



ဒီတခဏဟာကမ္ဘာပျက်နေသလားမှတ်ရတယ်။ ချိုတွေ၊ ခွာတွေ၊ လက်သည်းရှည်တွေဟာ မီးတောက်တွေကို မတိုက်ခိုက်နိုင်ဘူး။ မြစ်ကမ်းပါးကို အချိန်မီရောက်ရှိခြင်းကသာ သူတို့ကို ကူညီနိုင်မှာ ဖြစ်တယ်။



အရေ့ဖက်က ကမ်းခြေတွေက ရေနဲ့ အနီးဆုံးဖြစ်တယ်။ သူတို့အားလုံး အဲဒီနေရာကိုရောက်ဖို့ အစွမ်းကုန် ကြိုးစားကြတယ်။



တစ်ကောင်နဲ့တစ်ကောင် တိုးဝှေ့ပြီး သူတို့မြစ်ကမ်းပါးကို ရောက်လာကြတယ်။ ရေထဲကို ဆင်းပြီး တစ်ဘက်ကမ်းပါးကို ကူးဖို့ကြိုးစားကြတယ်။




ပြေးလွှား နေတုန်းမှာ ချီထားရတဲ့ ခြင်္သေ့ပေါက်လေးတွေရဲ့ ကုတ်သားလေးတွေဟာ ပေါက်ထွက်မတတ်ပဲ။ မြစ်နားရောက်တော့ ပြတ်လုလုဖြစ်နေပြီ။



အပူရှိန်ကြောင့် ရေထဲကို သူတို့ဆင်းကြတယ်။ တစ်ဖက်ကမ်းကို အပြေးအလွှားကူးကြတယ်။ မီးလောင်နေတဲ့ သစ်ကိုင်းစတွေ သူတို့နားမှာ ကျကြတယ်။



ပင်ပန်းလွန်းစွာနဲ့ ခြင်္သေ့မောင်နှံဟာ တစ်ဖက်ကမ်းပေါ်အရောက်လာနိုင်ပြီး သူတို့ ခြေထောက်နားမှာ သားလေးတွေကို ချလိုက်ကြတယ်။ အခက်အခဲကနေ သူတို့လွတ်မြောက်ခဲ့ကြပြီ။



လီယိုက မီးတောက်တွေကို လှည့်ကြည့်နေတုန်းမှာ ခြင်္သေ့မက ကလေးတွေကို လျှာနဲ့ လျက်ပေးနေတယ်။ သူတို့နေရာ သစ်ရှာကြရတော့မှာပေါ့။


ကြက်ကလေးနဲ့ ကြောင်ကြီးရွှေဝါ

ဟိုးရှေးရှေးတုန်းက ကြက်မကြီးတစ်ကောင်မှာ ကြက်ပေါက်စကလေး ငါးကောင်ကိုမွေးလာခဲ့တယ်။ အဲဒီကြက်ကလေးတွေထဲက တစ်ကောင်ဟာ တော်တော်အစားကြီးသတဲ့။ တစ်နေ့တော့ ဒီကြက်ကလေးက သူ့အမေကြက်မကြီးကို "မေမေရယ် ကောက်ညှင်းပေါင်းစားချင်တယ်"လို့ပူဆာသတဲ့။ သူ့သားသမီးတွေကို ကောက်ညှင်းပေါင်း ကျွေးချင်တာနဲ့ ကြက်မကြီးက စျေးထဲမှာ လိုအပ်တာတွေ သွားဝယ်တယ်။ ကောက်ညှင်းဆန်ဝယ် တုန်းမှာကြောင်ကြီးရွှေဝါနဲ့ တွေ့ရော။ ရွှေဝါက "ဟေ့မိနီမ ဘာတွေဝယ်တာတုန်း"လို့ မေးတော့ "ကလေးတွေကောက်ညှင်းပေါင်း စားချင်တယ်ဆိုလို့ ကောက်ညှင်းကလေး လာဝယ်တာပါ ကိုရွှေဝါရယ်" လို့ ကြက်မကြီးက ပြန်ဖြေတယ်။ ဒီအခါကြောင်ကြီးရွှေဝါက "နင်ကောက်ညှင်းပေါင်းရင် ငါ့လည်းကျွေးဦးလေ။ မနက်ဖြန်ပေါင်းမှာလား"လို့ ထပ်မေးတော့ ကြက်မကြီးက "ဟုတ်ပါတယ်ရှင် နက်ဖြန်မနက် ကျွန်မတို့ အိမ်ကိုလာစားပါနော်" လို့ ဖိတ်လိုက်ရတော့တယ်။

နောက်တစ်နေ့ မနက်မှာ ကြက်မကြီးက အိပ်ယာစောစောထပြီး ကောက်ညှင်းပေါင်း ပေါင်းတယ်။ ကောက်ညှင်းနပ်သွားတော့ သူတို့စားဖို့သပ်သပ်ခွဲ၊ ရွှေဝါစားဖို့ကိုလည်း သပ်သပ်ခွဲထားလိုက်တယ်။

ကြက်ကလေးတွေ နိုးလာတဲ့အခါ ကောက်ညှင်းပေါင်းကိုအားရဝမ်းသာ စားကြတယ်။ ကျန်တဲ့ကြက်ပေါက်တွေကဝကြပေမဲ့အစားကြီးတဲ့ကြက်ကလေးကတော့ မဝဘူးတဲ့။ ဒါနဲ့ သူ့အမေကို "မေမေရယ် သားစားဖို့ နည်းနည်းပေးပါဦး"ဆိုပြီး ထပ်တောင်းတယ်။ သူ့အမေက "ကြောင်ကြီးရွှေဝါဖို့ ခွဲထားတာပဲ ရှိတော့တယ်။ သားစားချင်ရင် အဲဒီအထဲက နည်းနည်းယူစား"လို့ ပြောလိုက်တော့ ကြက်ပေါက်စလေးက ကောက်ညှင်းပေါင်းကို နည်းနည်းပဲ၊ နည်းနည်းပဲလို့ယူစားလိုက်တာ ကြောင်ရွှေဝါအတွက်ထားသမျှ ကောက်ညှင်းပေါင်းတွေကုန်ရော။

ဒီအချိန်မှာ အဝေးကနေ ကြောင်ရွှေဝါရဲ့ "ညောင်" လို့အော်သံကို စကြားနေရပြီ။ မကြာခင် ရွှေဝါကြီး ရောက်လာတော့မှာမို့ ကြက်သားအမိတွေက စဉ့်အိုးကြီး တစ်လုံးထဲဝင်နေကြရတယ်။ စဉ့်အိုးထဲမှာနေရင်းနဲ့ ကြောင်ရွှေဝါရဲ့ အသံက တဖြည်းဖြည်းပိုနီးလာတာသိကြတယ်။



ရွှေဝါကြီး သူတို့ရှိနေတဲ့ စဉ့်အိုးအနားရောက်လာချိန်မှာ အစားကြီးတဲ့ကြက်ကလေးက "မေမေရယ်သားသား အီးပေါက်ချင်တယ်"လို့ပြောတယ်။ ကြက်မကြီးက "ခဏလေးပါသားလေးရယ်။ ကြောင်ကြီးသွားရင် ပေါက်ပေါ့" တားထား သတဲ့။ ဒီအချိန်မှာ ကြက်ကလေးက မအောင့်နိုင်တော့ပဲ "ဘူ"ဆို အသံကျယ်ကြီးပေါက်ချလိုက်တယ်။

စဉ့်အိုးကြီးဟာ အသံကျယ်ကြီးကြောင့် ကွဲထွက်သွားပြီး ဘေးနားကကြောင်ကြီးပေါ်တစ်ခြမ်းကျသွားတာ ကြောင်ကြီးရွှေဝါဟာပြေးလိုက်တာ တန်းနေတာပဲတဲ့။


အဲဒီနောက်ပိုင်းမှာ ကြောင်ကြီးရွှေဝါဟာ ကြက်မကြီးမိသားစုကို မနှောင့်ယှက်တော့ပါဘူး။ ဒါကြောင့်ကြက်မကြီးရဲ့မိသားစုဟာ ပျော်ရွှင်စွာနဲ့ နေထိုင်သွားကြတော့တယ်။

မျိုးဇော်ထက်



လောဘကြီးသူ

ဘာသာပြန်-ဘုန်းကြီးမင်း
:09421039429




ဆိုးသွမ်းကျေးဇူးတော်ရှင်ဘုရားကြီး
ကန်သယ်ပိန်းသည် ဖန်ဘူးဆိုးကို တရိုတသေ ထုပ်ပြီး ရုတ်တရက်သည်ကြီး ပြန်လာ မိုးနေချေ ရုတ်တရာဆိုင်သို့ တွေ့ကုန်ခဲ့၏။
ဟစ်ဟိုးတွင် ရုတ်တရာကုန်သည်ပိန်းသည် ဖန်ဘူးဆိုး တစ်လုံးကို ရလာကြောင်း သူ့ဖခင်ကြီးအား ပြောပြ၏။ ဖန်ဘူးဆိုးမှာ သံပုရာသီး တစ်လုံးခန့်ရှိသည်။ သားဖန်ဘူးဆိုးကို ကြည့်ပြီးမှ အဖိုးတန်ပစ္စည်းကြီး တစ်လုံးမဟုတ်ကြသဟု
ကျွန်တော် ယူသွားမယ်... ဘုရား ဘုရား ကျွန်တော့်ကို ခွင့်လွှတ်ပါ ဘုရား...
မိတ်ဆွေကြီး ဘာမှ မဖြစ်ပါဘူး... ကျွန်တော်လုပ်ထက်မှာ ဆက်လက် ထိန်းသိမ်းဖို့ သူ့ဆီစာပြန်ရန်ကို ကြောက်မိတဲ့ အတွက် ထုတ်ကောင်း ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါပြီ...
ကျွန်တော်လည်း ဘာမှ မသိပါဘူး... ဒီအိမ်ကြီးက ကျွန်တော်တို့ ဘိုးဘွားတောင်ဆက် ပိုင်ဆိုင်ခဲ့တဲ့ ရုတ်တရာ တစ်ပါးပါ...
မိတ်ဆွေကြီး ဘာမှ မဖြစ်ပါဘူး... ကျွန်တော်လည်း ဘာမှ မသိပါဘူး... ဒီအိမ်ကြီးက ကျွန်တော်တို့ ဘိုးဘွားတောင်ဆက် ပိုင်ဆိုင်ခဲ့တဲ့ ရုတ်တရာ တစ်ပါးပါ...


ဟား...ဟား...ဟား...ဟား...
မိတ်ဆွေ ကျုပ်ကို ဘိုကိုကွယ်ကွယ်နဲ့
ခေါ်ခြားမသိလောက်အောင် ကျုပ်ကို အဲဒါးအဲဒါးလို့ ထင်တာ ဟုတ်
မိတ်ဆွေယူလာတာ စီနီမဟတ်ဒါ။ ပန်းဒါ။ ဆိုပဲကြီး ဟု...
ကုန်သည်လေးက အားရှိုးရှိုးထောင်းပန့်နဲ့သံအဘိ...
အင်း...
ဆိုင်ထဲပြန်မှာ အသံခင်း
ထားဖို့ လောက်တော့
ကျုပ်ကိုယ်ပဲ ပါ့မယ်...
ဒီနေ့ မိတ်ဆွေ
ပစ္စည်းကို အဖြူ
ဘယ်မှာ သတ်မှတ်
ဖြူကြောင်းမှာလဲ...
အသက်ဟာ..
တစ်ထောင်နဲ့...
ကျောင်းချချင်ပါတယ်...
မိတ်ဆွေကြီး ခင်ဗျား ကျွန်တော်ယူခဲ့တာ
ပန်းဒါ။ဆိုဖို့ မဟတ်ပါဘူး အမှန်တကယ်
အဖြူတန် ဂျတ်ကာ စီနီကြီးပါ... ပြီးတော့
မိတ်ဆွေကြီးကို ဝယ်ယူဖို့ အတင်း
အကျပ် မတိုက်တွန်းပါဘူး...
မိတ်ဆွေကြီး ဂ့ဲ.
ဆိုင်မှာတော့ ကျောင်းချ
ဖို့ တင်ထား ပေးစေ
ခဲ့ချင်ပါတယ်...
ဒီလောက်တော့ ကျွန်တော်
ပါ ခင်ဗျာ...


ဟား...ဟား...ဟား... ဘုရားပြန်ကြီး မိတ်ဆွေကျယ်... မြို့ကြီးဆွေ ပစ္စည်းဥစ္စာကို အားလုံးက တစ်ဖွဲ့တည်းမဆိုထားနဲ့... ပဲဝက် ဂေါက်ဖတ်တောင် ပေးကြမှာ မဟုတ်ဘူး... အကယ်၍ ဝယ်သူတွေကလည်း သုံးခွဲဖို့တော့ ဘတ်ဂျက်မမထင်ဘူး... ဘူး. ကြောင်ကလေး ဟဲ့ပင်းမှာ ဆွဲဖို့ သက် ဖြစ်ပေါက်နိုင်တယ်...
ကျွန်တော်ကတော့ ဘုရားပြန်ကြီးတွေ့ရင် ဒီလိုပဲ ပြောပြီး ကျောင်းတော်ဆွေးမှာ ဘုရားတပါးဆင်ဖို့ အကူအညီတောင်းမှာပဲ... ကျွန်တော်တို့ ခရစ်ယာန်တွေ မိဖုရားကြီး အတွက် ဂယက်ဆွဲတဲ့ ဘာသာရေးအဖွဲ့ ဘာညာနဲ့ ဆက်သွယ်ပြီး ဘုရားပြန်ကြီးကို ဝယ်ယူဖို့ ကြိုးစားမှာပေါ့... ဟား...ဟား...ဟား...
ဆိုင်ရှင်ကော် သုံးလတိတိ ကြာသေးတာပဲ ခဲ့သေးဘူး. ဖြောက်ဖက် ဒေသမှ ဂျပန်ကြီးကြော်ဆိုင်ကို ဘုရားပြန်ကြီးတွေ ရောက်လာသလဲ ဟင


ဒီနေ့ဘယ်လောက်ရသလဲ.. ဘိုးတော်ကြီးရဲ့ ဆုတ်ခမ်းသေးတွေ ကောင်းကြပါတယ်.. ဒီတိုင်းဆို ဘယ်တော့မှ ပြီးမှာမဟုတ်ဘူး... ဒီတိုင်းဆို ဘယ်တော့မှ ပြီးမှာမဟုတ်ဘူး...
ဘိုးတော်ကြီးရဲ့ ဆုတ်ခမ်းသေးတွေ ကောင်းကြပါတယ်..


အိုး... ဖြစ်ချင်ရာဖြစ်ပေါ့...
ကျောက်မျှော်ကြီးတစ်ခု အရောင်းဝင်းတင်းတင်း မြင်ဖူးမှာပါ။ ဒီလောက်ဆို ဘယ်လောက်ရင် ရောင်းမှာလဲ ဦးလေး။
အဲဒါကို ပြသနာရှာနေတာ...
ဟား... ဘာတွေပြောတာလဲ ဦးလေးရဲ့...
ဒီနှစ်ကြိမ်ကို ပြောတာ...
ဟင်... ဘာတွေပြောတာလဲ


ဓာတ်ပြုခဲ့ချင်ပါတယ်...
ကျွန်တော်တို့ မိတ်ဆွေကြီး ဟော်သလောက် ငွေ မသိလာခဲ့ဘူးဗျာ။
ဟုတ်ဘူး... အဲဒီလောက်ကြီးတော့ မဟုတ်ပါဘူး...
ကျွန်တော်တို့ ဒီတစ်ခေါက်တော့ ဒုက္ခရောက်ပြီ...
ဟင်... ဘာလဲ ဒီလောက်ကြီးတော့ မဟုတ်ပါဘူး...

ထိုသို့နှစ်ခြိုး သတောတ္ထာစာရိုးပေး အချုပ်ချုပ်ပြီးဆိုလျှင် အလယ်တောက် ကြီးပြင်းသွားပြီး ဒုစရိုက်မှုကြောင့် သေဘေးမှလွှဲ၊ ကုသိုလ်ကုန်သည်လေး ပေးထိပေါ သားလို ကုန်သည်ကြီး ဖြစ်ပြီး ထင်ဘို ကမ်းကြီးဂရိုး အသက်ကြာရှည်စွာ တော်သည်။

...အေး...တော်ပါပြီ
ကျုပ်ပြဿနာ ဝယ်ရင်ကိုယ်ပါ
ကိုယ့်ကြွေး...ကိုယ်ဆပ်ပါ့မယ်
ဒီတော့ကြေး ကျုပ်ခဲ့ပြီး ဖြတ်

ဘိုးတော်ဘကြီး...
ကောင်း အဟိုးတန်ဆိုးဖြစ်မှန်း
တော်မှတ်ပြီ... ဘာကယ်အာဂျာဟန်းမွေး
ကြည့်တာမျိုး ... ထားခဲ့စမ်းကွာ
ဟိုကြီးကို ကျုပ်ပြန်ပြင်ပြီးတော့ ခေါ်ခဲ့ဆဲ
ဒီတော့...မြေးဆွေးရဲ့ ဘိုးကြီးမှာ

ဟင်း...သူ့ကို ဘိုးကြီး ကောင်းချီးပြီး
ကြောင်း အဖြန်အကန် ပွင့်ထွက်ပေါက်ကိုင်
အသက်ဟာ ဒုစရိုက်တွေ ကို အကြမ်းအဝ
ပေး၊ရတော့၊ခေမ်... မကောင်း၊ရှိသေး
ဘူး...ကို ကြောက်ရင်လန့်ပြီး ဘိုးကြီး
ကြွေး...ကို ထုတ်ပေး၊ရတော့၊ခေမ်...
ကိုယ့် အကြွေးတွေ ယူထား...ကို
ဘိုးကို ပြန်ပေး...ပါ့မဟုတ်ဘူး
ပြန်ရွေ့ကြ၊ဟဲ့ မဖြစ်ခင်။

အာယသင်္ကာမျိုး... ဂုဏ်အင်္ဂါကတော့သာလျှင်အဆိပ်
ပင်မဟုတ်ပေ...
ပိုင်းသား အာယသင်္ကာမျိုး၊ ကို စောင့်မျှော်နေတော့၏
ရတနာကျွန် သမ္ဘကြီး၊ ယုံး မကြာခဏ အာသဂ်ဟ တမ်းထောင်အကြိုး
အခြေတော်ပြုတော့၊ မခံ့ဂ် တွေးတော ဝမ်း မြောက်လှုပ်ရှား မြောက်
ထိုအခါ ရတနာကျွန်သမ္ဘကြီးသည်
ဆောင်ခြံပေါ်ကို အာသဂ်ဟ တမ်းထောင်
ထုတ်ပြေး၊ ပျံတက်လေ တော့သည်။
အင်း... မိတ်ဆွေကြီးပြောတာ
ပဲဝက် တောင်မတန်ဘူး ဆို...
ဟုတ်ပါတယ် မိတ်ဆွေ..
အားတော့ ကျွန်တော် ဆုံးဖြတ်ချက်
ကို ပြင်လိုက်ပါတယ်...
မိတ်ဆွေတွေ့ပြီတဲ့
စေ့စေ့နဲ့ပဲ ကျွန်တော်
ထည့်ပါ့မယ်...

ဒီမြေယာက..
ငါ့ကိစ္စကော...
ဟိုကရင်ကြီး... ဘာတွေပြော ခဲ့သလဲ။ ကိုယ်ခန္ဓာက ဘယ်ဟာ မိုလဲ။ လေဟာနေတာ မိုလဲ။ အာကာသကြီး မိုလဲ။ ဝိဉာဉ်ကတော့ ဘယ်လို အဓိပ္ပာယ်မှ မရှိဘူး။ ဆို မှန်း သိပါတယ်။ ပါတက်တောင် ခံတန်တဲ့ အင်း.. ငါမှားပြီ...
ဒီကိစ္စက ကောင်းကိုကောင်တာ...
ဝေးလံတဲ့ဒေသမှာ ဖြစ်ပျက်ဆင်းရဲဒုက္ခ တစ်ခဲ့နေရ တဲ့ ကြီးကို ငဲ့ရမှာ ငါ့ဘဝ ဆောင်ခဲ့ရတဲ့ကိုယ်တိုင် သတိရပါ။ ကွင်းပြင်မှာတော့ကောင်းရဲ့. ဂျပန်ခေတ် အတွေးဖြင့် အတယ်
ကျတော်ကတော့ တရှဲ့.ငြီ့.ကန်ကျန်းမာသောအခါ ငါတော်ကတော့သည်ကြီးမှာ မိတ်မျက်အား လျော့! မာရတဲ့သံသာ။
အခုကြုံတွေ့ တရှဲ့.ငြီ့.ကန်ကျန်းမာသောအခါ
ငါတော်ကတော့သည်ကြီးမှာ မိတ်မျက်အား လျော့! မာရတဲ့သံသာ။
ကျ



ဥစ္စာပညာကဘယ်သူ့ကြီးလဲ

ထက်သန်မိုး





ဓာရာတိုင်းတွင် ဘောဇဘုရင်ကြီး အုပ်ချုပ်ခိုနှိပ်ဖြစ်သည်။ ပညာရှိအမတ် ကာလီဒါသက ဘောဇဘုရင်ထံတွင် အမှုထမ်းနေသည်။

ဓာရာတိုင်းအတွင်းမှ ရွာတစ်ရွာတွင် ယာနီးချင်းနှစ်ဦးဖြစ်သော ကေသဝနှင့် ပေမလတို့ နေထိုင်ကြသည်။ နှစ်ဦးစလုံးက ယာအလုပ်ကို ကြိုးပမ်းလုပ်ဆောင်သော်လည်း ကံအကျိုးပေးခြင်းက မတူပေ။ ကေသဝ ကြိုးစားစိုက်ပျိုးသော်လည်း ပေမလ၏ ယာခင်းမှ ထွက်သော သီးနှံထွက်နှုန်းကို မမီပေ။

သူတို့နှစ်ဦးသည် တစ်ဦးတစ်ဦး ချစ်ခင်ကြသော်လည်း နှစ်စဉ်သီးနှံအရနည်းသည့် ကေသဝ၏ အတွင်းစိတ်တွင် ပေမလအပေါ် မနာလိုစိတ် အနည်းငယ် ရှိနေသည်။ သူမည်မျှ ကြိုးစားလုပ်ကိုင်သည်ဖြစ်စေ ပေမလ၏ ယာခင်းမှ ထွက်နှုန်းကို မမီနိုင်သောကြောင့် ပေမလ အပေါ်ရသည်နည်းဖြင့် အနိုင်ယူဖို့ အချိန်တိုင်း တွေးတောမိလေသည်။

သူတို့ နှစ်ဦး ပိုင်ဆိုင်သောယာခင်းများ ကြားတွင် ပေမလ စိုက်ပျိုးထားသော သရက်ပင် တစ်ပင်ရှိလေသည်။ ထိုသရက်ပင်ကို ပေမလစိုက်ပျိုး ပြုစုခဲ့သည်မှာ ခြောက်နှစ်ခန့်ရှိနေပြီဖြစ်သည်။ ယခုနှစ်တွင် အပွင့်များစပွင့်ကာ အသီးသီးရန် ပြင်ဆင်နေပြီ ဖြစ်သည်။

မနာလိုစိတ်ဖြင့် ပြည့်နေသော ကေသဝသည် ပေမလက သရက်ပင်မှ အသီးများခူးမည်ကို မတွေ့မြင်လိုလှသည် ဖြစ်ရာ ထိုသရက်ပင်သည် သူတစ်ဦးတည်းပိုင်ဖြစ်ကြောင်း ပေမလအိမ်သို့ သွားပြောလေသည်။

ပေမလက ထိုသရက်ပင်သည် ယာခင်းနှစ်ခုကြားစည်းရိုးပေါ်တွင် ရှိသောကြောင့် နှစ်ဦးပိုင်ဖြစ်ပါသည်။ သရက်သီးများ ရလာလျှင်လည်းအညီမျှ ခွဲဝေယူကြပါမည်ဟု ပြောသော်လည်း ကေသဝက လက်မခံပေ။ သူတစ်ဦးတည်းသာ ပိုင်သော သရက်ပင်ဖြစ်ကြောင်းဖွင့်မိုတ်ပြောဆိုနေလေသည်။ သရက်ပင်ပိုင်ဆိုင်မှုကို အကြောင်းပြုကာ သူတို့နှစ်ဦး၏ ခင်မင်မှုပျက်စီးသွားခဲ့ရပေပြီ။

သရက်ပင်ကို ကေသဝ ဖျက်ဆီးမည် စိုးသောကြောင့် ပေမလက လူငှါးခန့်ပြီးနေ့ရောညပါသရက်ပင်ကိုစောင့် ရှောက်ထားသည်။ သရက်ပင် အနားသို့ပင် ကပ်ခွင့်မရတော့သော ကေသဝက ဘောဇဘုရင်၏ ရှေ့မှောက် ဝင်လျှောက်ထားကာ သူ ပိုင်ဆိုင်သော သရက်ပင်ကို ပေမလက အပိုင်စီးထားကြောင်း တိုင်ကြားလေသည်။

ဘုရင်က ထိုအမှုအား အမတ်ကြီး ကာလီဒါသကို ဆုံးဖြတ်စေသည်။ အမတ်ကြီးက သက်ဆိုင်သော သက်သေများကို အသီးသီး ဖိတ်ခေါ်ကာ တရားစီရင်လေသည်။

ကာလီဒါသက ကေသဝကို ထိုသရက်ပင်ကို သူပိုင်ကြောင်း ပြောသည်မှာ မှန်သလားဟု မေးလေသည်။ ကေသဝက သူပိုင်အပင်ဖြစ်ကြောင်း လျှောက်ထားသည်။ ပေမလကို မေးသည့်အခါ ပေမလက ဤသရက်ပင်ကို ပြုစု ပျိုးထောင်ခဲ့သည်မှာ ခုနစ်နှစ်ခန့်ရှိပြီး သူ-မည်သို့ ဂရုစိုက်ခဲ့ကြောင်း အသေးစိတ် လျှောက်တင်သည်။ သရက်သီးများ ရလာလျှင်လည်းကေသဝနှင့် အညီအမျှခွဲဝေယူမည့် အကြောင်းကို လျှောက်တင်သည်။

ကာလီဒါသ အမတ်က "သင်ပိုင်ဆိုင်သော သရက်ပင်ကို အစောင့်အရှောက်ချထားသလား" ဟု ပေမလကိုမေးသည့်အခါ ပေမလက အစောင့်တစ်ယောက်ထားကြောင်း လျှောက်ထားသည်။ ကာလီဒါသက စစ် ဆေးစရာရှိသည်များကို ဆက်လက် စစ်ဆေးကာ နောက်နစ်ရက်အကြာတွင် ဆုံးဖြတ်ချက်ချမည်။ ယခုသင်တို့ ပြန်ကြကုန် ဟုဆိုလိုက်လေသည်။

နောက်တစ်နေ့တွင် ကာလီဒါသက သရက်ပင်အစောင့်ကို ခေါ်ကာ မည်သူ့အတွက် သရက်ပင်ကို စောင့်ရသနည်းဟု မေးသည်။ အပင်စောင့်က "မည်သူ့အပင်မှန်းမသိပါ စောင့်တော့စောင့်နေရပါသည်ဟု ဖြေလေသည်။ထိုအခါကာလီဒါသက သရက်ပင်စောင့်အား ယခုညတွင် ပေမလနှင့် ကေသဝတို့ အသီးသီး၏ အိမ်များသို့သွား၍ သရက်ပင်ကိုဖျက်ဆီးရန် လူဆိုးများ လာနေကြပြီဟု ပြောစေသည်။

ညရောက်သော် အစောင့်က အိမ်အသီးသီးသို့သွားသည်။ ပေမလ၏အိမ်တွင် ပေမလ မရောက်သေး သဖြင့်သူ၏ဇနီးကို သရက်ပင်အားခုတ်ထစ်ရန် လူဆိုးများ ရောက်နေကြောင်း ပြောကြားရန် မှာထားခဲ့သည်။ ကေသဝ၏ အိမ်တွင်လည်း ကေသဝ မရောက်သေး



သောကြောင့် သူ့မိန်းမကို မှာထားခဲ့သည်။

သရက်ပင်စောင့် ပြန်ချိန်တွင် ကာလီဒါသက အိမ်အသီးသီးသို့ မင်းချင်း နှစ်ယောက်စီ လွှတ်လိုက်သည်။ ထိုအိမ်များတွင် မည်သည့် စကားများပြော ဆိုကြသည်ကို သေချာစွာနားထောင်ထားစေသည်။

ထိုညက ကေသဝအိမ်အပြန် နောက်ကျလေသည်။ သန်းခေါင်နားနီးမှ အိမ်ပြန်ရောက်လာခဲ့သည်။ သရက်ပင်ကို ဖျက်ဆီးရန် လူဆိုးများရောက်နေကြောင်း သူ့မိန်းမက ရောက်မဆိုက်ပင် ပြောလေသည်။ ကေသဝကား သရက်ပင် ဘာဖြစ်ဖြစ် ဂရုစိုက်မဟုတ်ပေ။ "မိုးလည်းချုပ်ပြီ ညဉ့်လည်းနက်ပြီ။ ငါထမင်းစားဖို့က အရေးကြီးသည်။ သရက်ပင် သေတာရှင်တာ ငှဲ့ကိစ္စမဟုတ်" ဟုပြတ်သားစွာ ဆိုသည်။ ယောကျ်ားဖြစ်သူကထိုသို့ပြောသည့်အခါမိန်းမက "ဒီလိုစိတ်မဝင်စားပဲနဲ့ပေမလကို ဘာလို့ ဒုက္ခပေးနေရတာလဲ" ဟုမေးရာ ကေသဝက "ယာနီးနားချင်းအတူတူ သူ စိုက်တဲ့ယာက အမြဲငှဲ့ယာထက်ပိုထွက်နေတာကိုမခံချင်လို့ လုပ်တာ" ဟုပွင့်လင်းစွာပြောလေသည်။ ထိုလင်မယား၏စကားတို့ကို အပြင်မှ သေချာစွာ နားထောင်နေသောမင်းချင်းတို့က ကာလီဒါသထံ သေချာစွာ တင်ပြလျှောက်ထားကြသည်။

ပေမလသည်လည်း ထိုညက အိမ်ပြန်နောက်ကျလေသည်။ သူ့မိန်းမက "သရက်ပင်ကို ဖျက်ဆီးရန် လူဆိုးများလာသည်ဟု အစောင့်လာပြောကြောင်း ပြောသည့်အခါ ဓားစွဲ၍ချက်ချင်း အိမ်မှထွက်လေသည်။ ထမင်းစားပြီးမှသွားရန် မိန်းမက တားသည့်အခါ ချက်ချင်းသွားမှ ဖြစ်မယ် သရက်တစ်ရွက်၊ တစ်ဖူး၊ တစ်ကိုင်း၊ တစ်ခက်မှ အထိမခံနိုင်ဘူး။ အခုချက်ချင်းသွားရမယ် ဟုပြောရင်း ပြေးထွက်သွားလေသည်။ ထိုအိမ်ထဲမှ ပြောသမျှ စကားရပ်တို့ကိုလည်း အပြင်မှ ချောင်းနားထောင်ကကာလီဒါသထံပြန်လည်လျှောက်တင်ကြသည်။

သရက်ပင်ဆီသို့ အမောတကြီးရောက်လာသော ပေမလသည် လူဆိုးများကို မတွေ့ရပဲ သရက်ပင်ကို အကောင်းအတိုင်းတွေ့မြင်ရသည့်အခါ အံ့သြဝမ်းသာစွာဖြင့်အိမ်သို့ ပြန်လာခဲ့သည်။

မင်းချင်းတို့ထံမှ စကားများအရ မည်သူက အပင်ပိုင်သူဖြစ်ကြောင်း ကာလီဒါသသိသွားခဲ့ပေပြီ။

တရားစီရင်သည့်နေ့တွင် ကာလီဒါသက ပေမလနှင့်ကေသဝနှစ်ဦးလုံးကိုခေါ်၍ ဤသရက်ပင်ကို သင်တို့နှစ်ဦးလုံးက ပိုင်ဆိုင်ကြောင်းပြောဆိုကြရာ ဆုံးဖြတ်ရခတ်လှသည်။ ထိုကြောင့် ခုတ်လှဲ၍ ရသမျှ အညီအမျှ ဝေကာ ယူကြစေ ဟု ဆုံးဖြတ်ပေးလိုက်သည်။ ကေသဝ က ပေမလအပင် သေချေပြီ ဟုဝမ်းသာသောမျက်နှာထားရှိသလောက် ပေမလမှာ သားစဉ်မြေးဆက် စားသောက်ရမည့် သရက်ပင်ကြီးမှာ ပထမတစ်သီးပင် မစားရဘဲ ဆုံးရှုံးရပေတော့မည်ဟု တွေးတောကာ ဝမ်းနည်းနေပေသည်။

ကာလီဒါသသည် အဖြေမှန်ကိုသိပြီးလျက် မေးမြန်းသည်ဖြစ်ရာ ယခု ပိုမိုထင်ရှားသော သက်သေကို ရပြီးသဖြင့် ကေသဝကိုခေါ်ကာ ပြောတော့သည်။

"ကေသဝ သရက်ပင်သေမည့်အရေးကို သင်ပူပင်သောက ရောက်ဟန်မရှိ သရက်ပင်သည် သင်နှင့် မဆိုင် ပေမလ၏ အပင်သာ ဖြစ်ကြောင်းလည်း ငှဲ့တွင် သက်သေ အထောက်အထား များရှိနေပြီ။ အမှန်ကို သင်ထွက်ဆိုပေတော့"

ကာလီဒါသ ပညာရှိအမတ်၏ ပြတ်သားစွာဆိုသောစကားကို ငြင်းဆိုခြင်း မပြုနိုင်တော့သော ကေသဝသည် ဟုတ်တိုင်းမှန်ရာကို ဝန်ခံရတော့သည်။ အိမ်နီးချင်းအပေါ် စိတ်ကောင်းမထားဘဲ မတရားလိဆယ် တိုင်ကြားခဲ့သူကို တိုင်းပြည်တွင် လက်ခံရန်မသင့်ဟုဆုံးဖြတ်ကာ ကေသဝကို ပြည်နှင်ဒဏ်ပေး၍ သူ၏ယာကို ပေမလအား ပေးအပ်ရမည်ဟု ကာလီဒါသအမတ်က ဆုံးဖြတ်ချက်ချလိုက်သည်။

ဤဆုံးဖြတ်ချက်ကို ဘုရင်က နှစ်သက်တော်မူကာ ကာလီဒါသအား ဆုငွေများချီးမြှင့်တော်မူလေသည်။

ပေမလသည် သူ့ဥစ္စာမှန်သော သရက်ပင်ကိုပြန်ရပြီး စိတ်ထားမကောင်းသည့် ကေသဝလည်း သူနှင့်ထိုက်တန်ရာ ပြည်နှင်ဒဏ်ကို ကောင်းစွာရရှိသွားလေသည်။

ထက်သန်မိုး

သားအဖနှစ်ယောက်နဲ့ မြည်း

စက်ပိုင်တစ်ယောက်နဲ့ သူ့သားဟာ သူတို့မြည်းကိုအနားက မြို့တစ်မြို့မှာ ရောင်းဖို့ဆွဲသွားကြတယ်။ လမ်းပေါ်သွားလို့ သိပ်မကြာမီ မြို့ထဲကထွက်လာကြတဲ့ မိန်းကလေးတစ်စုနဲ့တွေ့ကြတယ်။ မိန်းကလေးတွေက စကားပြောရင်းရယ်မော နေကြတယ်။

မိန်းကလေးတွေထဲက တစ်ယောက်က ရယ်မောရင်းနဲ့ ပြောလိုက်တယ် "ဒီလောက်မိုက်မဲတဲ့ သူတွေ တွေ့ ဖူးကြရဲ့လား ဟေ့။ ကြမ်းကြမ်းတမ်းတမ်းလမ်းပေါ်မှာ လမ်းလျှောက်နေကြတယ်။ သူတို့မြည်းပေါ်မှာ သက်သောင့်သက်သာ စီးသွားနိုင်တာကို မစီးကြဘူး"

စက်ပိုင်ကြီးက သူတို့ပြောတာကိုကြားပြီး သူ့သားကို မြည်းကျောပေါ်တက်ဖို့ တိုးတိုးကပ်ပြောလိုက်တယ်။ သူ့သားက မြည်းကိုစီးပြီးဆက်သွားကြတယ်။ စက်ပိုင်ကမြည်းဘေးက ကပ်လျှောက်ပြီး ပျော်ပျော်ရွှင်ရွှင်နဲ့သွားကြတယ်။

လမ်းဘေးက မြက်ခင်းပေါ်မှာထိုင်ပြီး လေးလေးနက်နက်စကားတွေ စုပြောနေကြတဲ့ အဘိုးကြီးတစ်သိုက်နားဖြတ် လျှောက်ကြတယ်။ စက်ပိုင်နဲ့ သူ့သားသူတို့နားက ဖြတ်သွားစဉ်မှာ တစ်ယောက်က လှမ်းပြောတယ်။ "ဒီခေတ်မှာ လူငယ်တွေက လူကြီးတွေကို ရိုသေရမှန်း မသိကြတော့ဘူး ကျုပ်တို့ ငယ်ငယ်တုန်းက သူ့အဖေ ကိုဘေးက လျှောက်ခိုင်းပြီး မြည်းစီးသွားတဲ့ ကလေးခင်ဗျားတို့ မြင်ဖူးမှာမဟုတ်ဘူး။ အောက်ဆင်စမ်းကောင်လေးလူကြီးကို သူ့ခြေထောက်တွေအနားယူစမ်းပါစေ။

သားဖြစ်သူက လေးစားစွာနဲ့ မြည်းပေါ်က ဆင်းပြီး စက်ပိုင်က မြည်းပေါ်ကိုတက်လိုက်ပြီးခရီးဆက်သွားကြတယ်။ မိန်းမတစ်သိုက်နဲ့ ကဘေးတွေကို မကြာခင်မှာဆုံတွေ့တယ်။ သူတို့အားလုံးက ချက်ချင်းအော်ကြတယ်။

"တော်တော်ရက်စက်တဲ့လူကြီး။ လမ်းတလျှောက်လုံးရှင်ဘယ်လိုစီးလာနိုင်သလဲ။ ကောင်လေးက သနားစရာလမ်းပေါ်မှာ လျှောက်လို့"

စက်ပိုင်ကမြည်းကိုနားပြီးသူ့နောက်ကနေ သူ့သားကိုတင်လိုက်တယ်။ အခုသူတို့မြို့နားရောက်လာပြီ။ လမ်းလျှောက်လာတဲ့ စျေးဆိုင်ရှင်တစ်ယောက်ကို သူတို့တွေ့ကြတယ်။ စျေးဆိုင်ရှင်က ပြောတယ်။

"ပြောစမ်းပါ ဒီမြည်းက ခင်ဗျားတို့ အပိုင်လား"

"ဟုတ်ကဲ့" စက်ပိုင်က ပြောလိုက်တယ်။

"ဒါဆို ခင်ဗျား သူ့အပေါ် ပြုမူပုံကို ကျွန်တော်အံ့သြမိတယ်။ ခင်ဗျားတို့လို သန်သန်မာမာ လူနှစ်ယောက်ကို သူက သယ်သွားတာထက် ခင်ဗျားတို့က ပိုပြီးသူ့ကို သယ်နိုင်မှာပါ"

ဒီအချိန်မှာ စက်ပိုင်က အကြံပေးတာတွေနဲ့ ယဉ်ပါးနေပါပြီး။

"ခင်ဗျားပြောသမျှ ကျွန်တော် ကြိုးစားပါ့မယ်"

စက်ပိုင်နဲ့ သူ့သားက မြည်းကျောပေါ်ကနေ ဆင်းလိုက်ကြတယ်။ မြည်းရဲ့ခြေထောက်တွေကို ကြိုးနဲ့တုပ်ကြတယ်။ ပြီးတော့ မြည်းကိုတုတ်နဲ့ လျှိုးပြီသူတို့ ပုခုံးတွေပေါ် ထမ်းသွား ကြတယ်။



မြို့ထဲကို ဖြတ်စီးနေတဲ့ မြစ်ပေါ်က တံတားကို ရောက်ဖို့ သူတို့ သိပ်မလျှောက်လိုက်ရပါဘူး။ တံတားပေါ်မှာ လူတွေပြည့် နေတယ်။ အားလုံးက စက်ပိုင်နဲ့သူ့သားရယ် သူတို့ကြားက ရုန်းကန်နေတဲ့မြည်းရယ်ကြည့်ပြီးရယ်လာကြတယ် အိမ်တွေထဲကလူတွေဟာလည်းဘာဖြစ်တာလဲဆိုပြီးထွက်ကြည့်ကြတယ်။


လမ်းတလျှောက် ရယ်မောသံတွေ ဖုံးလွှမ်းသွားတော့တယ်။


ဒီအသံတွေက သနားစရာမြည်းအတွက် ကြောက်စရာပေါ့။ သူ့ခြေထောက်မှာ ချည်ထားတဲ့ကြိုးတွေ ပြုတ်ထွက်အောင် ရုန်းရင်းမြစ်ထဲကို ပြုတ်ကျသွားတော့တယ်။

စက်ပိုင်နဲ့သူ့သားဟာဘာမျှ မလုပ်နိုင်ဘဲ ဒေါသဖြစ်ပြီး ပြန်လာကြရတယ်။ စက်ပိုင်က ပြောလိုက်တယ်။




စည်းလုံးညီညွတ်ခြင်းကြွယ်
ဟိုးရှေးရှေးတုန်းက ငှက်မျိုးတစ်ယောက်ရှိသတဲ့၊ သူဟာ တော ထဲမှာ ငှက်တွေကို ဖိုက်နဲ့ထောင်ပြီး ဖမ်းတဲ့ အလုပ်ကိုလုပ်တယ်...
ငှက်တွေစားနေတုန်း၊ အပေါ် ကနေ၊ ဖိုက်နဲ့အုပ်ဖမ်းတယ်...
တော အုပ်ထဲက၊ ဖြေပြင်ကွတ်လပ် တစ်ခုမှာ ငှက်တွေစားဖို့ အစာတစ်ချို့ ကြဲပက်ချတဲ့အခါ။
ဖိုက်ကွန်ထဲမှာ မိနေတဲ့၊ ငှက်တွေကို တစ်ကောင်ချင်း၊ ဖမ်းဖြိုး ခြင်းထဲထည့်ကာ၊ မြို့ထဲမှာသွားရောင်းရတယ်”


တစ်နေ့မှာ၊ဘုရားဘလောင်းဒိုးဆောင်တဲ့
ငှက်ဘုရင်ဟာ၊ငှက်မုဆိုးရဲ့ပိုက်ကွန်မှာ၊
အဖမ်းခံရတယ်...
ငှက်ဘုရင်ထဲကငှက်တွေဟာ၊
ကြောက်လန့်တကြားနဲ့ထပြန်ကြ၊
ငိုယိုကြွေးကြော်ပေါ့...
ဒီအခါမှာ၊ဘုရားဘလောင်းငှက်မင်းက
ငှက်တွေကို၊စုစည်းညီညွတ်စွာပျံကြဖို့
ဖြောတယ်...


အားလုံးညီညွတ်စွာနဲ့ ပျံ လိုက်တော့၊ ပြက်အုပ်နဲ့အတူ
ပိုက်ကွန်ကြီးပါ ပျံတက်လာတယ်၊
ဘုရားဟလောင်းရဲ့ဥာဏ်ဆောင်ဖြစ်နဲ့၊ အပင်
မြင့်ကြီးတစ်ပင်ပေါ်နားလိုက်ကြပြီး၊ ပိုက်ကွန်
ကနေ၊ အားလုံး၊ လွတ်မြောက်နိုင်ခဲ့ကြတယ်
အားလုံး၊ စုစည်းညီညွတ်ဖြစ်ရန်
ယွတ်မြောက်သွားကြတဲ့၊ ဝုံပြင်
တစ်ခုပေါ့ကွယ်...



ဒေတ်သစ်–ပုံဖြင်

မြည်းစိမ်းရုပ်ကလေး

ရှေးအခါကပေါ့ . . . ။

ခြေထောက် သုံးချောင်းသာရှိတဲ့ အစိမ်းရောင် မြည်းလေးတစ်ကောင်ရှိသတဲ့။ စားပွဲပေါ်ကပြုတ်ကျပြီး ခြေထောက်တစ်ချောင်းက ကျိုးသွားရှာတယ်။ အဲဒီ အချိန်ကစပြီး မြည်းကလေးဟာ ထူးထူးဆန်းဆန်းဖြစ်နေတာတော့ အမှန်ပဲ။ ဘယ်မှုကြိုကလေးကမှ အစိမ်းရောင်မြည်းကလေးကို မနှစ်သက်ကြဘူးတဲ့။

"ဘာလို့ အစိမ်းရောင်ကြီးဖြစ်နေတာလဲ" လို့ သူတို့က လှောင်ပြောင်ရယ်မောရင်း ပြောကြသတဲ့။

"မြည်းဆိုတာ အစိမ်ရောင်ရှိတယ်လို့ မကြားဖူးပါဘူး။ သူနဲ့မကစားစေနဲ့ သူက ကြောင်တောင်တောင်နဲ့" မြည်းလေးကတော့ ရင်နာနေရတာပေါ့။ အစိမ်းရောင်ဖြစ်နေတာကို သူက ဘာတတ်နိုင်မှာလဲ သူ့အနေနဲ့ မြည်းအစစ်ကို မမြင်ဖူးလေတော့ သူက ဘာကြောင့် အစိမ်းရောင်၊ အပြာရောင် ဒါမှမဟုတ် အဝါရောင် ဒါမှမဟုတ်အခြားအရောင်တစ်ရောင်ရောင် မရှိသင့်ဘူးဆိုတာကို သူမသိဘူးပေါ့။

သူခြေထောက် တစ်ဖက်ဆုံးရှုံးချိန်ကစပြီး မပျော်နိုင်တော့ဘူးလေ။ ဘယ်သူကမှလည်း သူ့ကို မပြင်ဆင်ကြဘူး။ သူဟာ ခြေထောက်သုံးချောင်းနဲ့ တော်တော်အကျည်းတန်တဲ့ ကစားစရာအရုပ်ကလေး ဖြစ်မှာပဲလို့ တွေးနေရှာတယ်။ အခြားအရုပ်တွေက သူ့ကို ရယ်ကြတာကိုး။ ပြီးတော့ ဘယ်အရုပ်ကမှ သူနဲ့ မကစားချင်ကြဘူး။




တစ်နေ့တော့ ကလေးသုံးယောက်ဟာ အရုပ်တင်ထားတဲ့စင်ရှိရာလာပြီး သူတို့အကြိုက်ဆုံးအရုပ်တွေကို တန်းစီပြီးတင်နေကြတယ်။ သူတို့မကြိုက်တဲ့ အရုပ်တွေကိုတော့ ဖျားနေရှာတဲ့ ဥယျာဉ်မှူးရဲ့သားလေးကို ပေးပစ်ဖို့အတွက်စုပုံထားကြသတဲ့။ သူတို့အစိမ်းရောင် မြည်းလေးကိုတွေ့တော့ ရယ်ကြတယ်။

"ဟောဒီမှာ အစိမ်းရောင် မြည်းစုတ်ကလေးပါလား" လို့ သူတို့က ပြောကြတယ်။

" ဒီ မြည်းရုပ်ကလေးကို ဘာလုပ်သင့်သလဲ . . ဥယျာဉ်မှူးရဲ့သားလေးကတောင် သူ့ကိုလိုချင်မှာ မဟုတ်ပါဘူးကွာ၊ သူ့အရောင်ကလည်း မဟပ်စပ်လိုက်တာ ပြီးတော့ ခြေထောက်က သုံးချောင်းတည်း . . ."

" ဒီကောင်စုတ်ကို ပြတင်ပေါက်ကနေ လွှင့်သာပစ်လိုက်ပါ" လို့ ကလေးတစ်ယောက်က ပြောလိုက်တယ်။ ဒါနဲ့ သူတို့ဟာ မြည်းလေးကို ကောက်ယူပြီး ပြတင်းပေါက်ကနေ လွှင့်ပစ်လိုက်ကြရော။ သူဘယ်နား ကျသွားတယ်ဆိုတာ ကြည့်ဖို့တောင် အလုပ်ရှုပ်မခံကြတော့ဘူး။

အဲဒီပစ်လိုက်တဲ့ အချိန်မှာပဲ ကုန်စိမ်းသည်တစ်ယောက်ရဲ့ လက်တွန်းလှည်းလေးက ဒီနားကို ဖြတ်သွားတာနဲ့ ကြုံနေတယ်။ မြည်းလေးဟာ ဂေါ်ဖီခြင်းတစ်ခုထဲ ခေါင်းစိုက်ကျသွားသတဲ့။ သူဟာ စကြိုလမ်းပေါ်ကျပြီး အစိပ်စိပ်အမွှာမွှာ ကျိုးကျေသွားမှာကို တွေးပြီး တော်တော်ကလေး ထိတ်လန့်သွားတာပေါ့။ ဒါပေ



မဲ့ ဟင်းရွက်စိမ်းတွေသာ ကျိုးပဲ့သွားပြီး သူကတော့ တစ်စက်ကလေးမှ မနာမကျင်ဘူးတဲ့။

အရုပ်ကလေးဟာ ခြင်းထဲမှာ လဲကျနေပြီး ဘာဖြစ်လာမယ်ဆိုတာ စဉ်းစားလို့နေသတဲ့။ ဘယ်သူကမှ သူ့ကိုချစ်လည်းမချစ်ကြ၊ လိုလည်းမလိုချင်ကြပဲကိုး။ သူဟာ တော်တော်စိတ်ဆင်းရဲနေရ ရှာတဲ့ သတ္တဝါလေးတစ်ကောင်အစစ်ပါပဲ။ သူ့ကိုလွှတ်ပစ်တာမျိုး ကြောက်စရာကောင်းလိုက်တာ။

ကုန်စိမ်းသည်က သူ့လက်တွန်းလှည်းကို သူ့ဆိုင်ဆီ ပြန်တွန်းလာတယ်။ ဈေးသည်အိမ်ရောက်တော့ သူ့မိန်းမက သူ့ကို ဂေါ် ဖီတစ်အိတ်အမှာရှိတဲ့ အကြောင်းပြောသတဲ့။ ဒါကြောင့် သူဟာ ခြင်းသုံးခြင်းထဲက ဂေါ် ဖီတွေကိုအိတ်တစ်အိတ်ထဲ စုထည့်ပြီး အိတ်ကို စုစည်းလိုက်ပါရော။

မြည်းကလေးခမျာလည်း အိတ်ထဲပါသွားတာပေါ့။ အိတ်က မှောင်မည်းလို့ ဘာတွေဖြစ်နေတယ်ဆိုတာကို သူမတွေးနိုင်တော့ဘူး။ သူစကားပြောဖို့အတွက် တစ်ယောက်ယောက်ကို တွေ့ချင်နေတယ်။ ဒါပေမဲ့ ဂေါ်ဖီတွေက စကားတစ်လုံးတောင် မပြောနိုင်ကြဘူး။

မကြာခင်မှာ ဂေါ် ဖီအိတ်ကို သယ်သွားကြတယ်။ တစ်ယောက်ယောက် ယူသွားပြီဆိုတာကိုတော့ မြည်းလေးက သိနေသတဲ့။ နောက်ဆုံးတော့ အိတ်ကို သွန်ချလိုက်တယ်။ အသံတစ်သံက . . .

"ဒါကတော့ ချက်ဖို့ ဟောဒီမှာ ဂေါ် ဖီထုပ်အိတ်"

လို့ ပြောလာသတဲ့။ အိတ်ကိုဖြေလိုက်တယ်။ စားဖိုမှူးက ဂေါ် ဖီထုပ်တွေ ဆေးကြောဖို့အတွက် သွန်ချလိုက်သတဲ့။ အိမ်ကြီးရှင်သခင်ကသူ့အဆောက်အဦးတွင်းမှာ ရှိတဲ့ သူ့ရဲ့ လယ်ယာလုပ်သားတွေကို ညစာကျွေးမှာလေ။ ဂေါ် ဖီကို အမဲသားကင် အာလူးနဲ့ ရောပြီး ချက်ကြမှာပေါ့။

စားဖိုမှူးနဲ့ ထမင်းချက်တို့အတွက် လုပ်စရာတွေကအများကြီး။ အကူခေါ်ထားတဲ့ အဘွားအိုက အချိန်မီပြီးစီးအောင် ဂေါ် ဖီထုပ်တွေကို ဆေးလိုက်ဖြတ်လိုက်လုပ်နေတဲ့အခါ သိပ်မကြာပါဘူး၊ ဂေါ် ဖီထုပ်ပုံကြားထဲက အစိမ်းရောင်မြည်းကလေးကို တွေ့သွားပါရော။

"ဟယ် ကြည့်စမ်း၊ ကံကောင်းလိုက်တာ" လို့ သူက အော်လိုက်ပြီး တခြားလူတွေကို မြှောက်လိုက်တယ်။

"ကြည့်ကြစမ်းဟေ့ . . . ဟင်းရွက်သည် ဂေါ် ဖီထုပ်တွေထဲ ရောထည့်လိုက်တဲ့ ဟာလေး"

"မီးထဲသာ ပစ်ထည့်လိုက်ပါဗျာ" စားဖိုမှူးက ပြောလိုက်တယ်။ "ကျိုးနေတဲ့ ကစားစရာ အရုပ်ကလေးပါ"

"မလုပ်ပါနဲ့ကွယ်၊ မင်းတို့မလိုချင်ဘူးဆိုရင် ငါ့မြေးလေး



တွေအတွက် ငါယူသွားပါမယ်” လို့ အဘွားအိုက ပြောလိုက်တယ်။

ဒီကနေ့ သူ့မွေးနေ့လေ ကောင်လေးက သနားစရာပါ။ သူခမျာ ဘာလက်ဆောင်မှ မရှိရှာဘူး၊ သူ့အဖေကတည်းအလုပ်မရှိ။သူ့အမေကလည်းဖျားနေရှာတာ။ သူ ဒီ မြည်းရုပ်ကလေးကို သဘောကျမှာပါ”

“ဒါဆိုလည်း ယူသွားလေ . . . ” စားဖိုမှူးက ပြောသတဲ့။

အဘွားအိုက မြည်းရုပ်ကလေးကို သူ့ရဲ့ စျေးဝယ်အိတ်ထဲမှာ ထည့်ထားလိုက်တယ်။ သူ့အလုပ်ပြီးတဲ့အခါကျတော့ အဘွားအိုးက အစိမ်းရောင်မြည်းရုပ်ကလေးကို သူနဲ့အတူ အိမ်ယူလာခဲ့သတဲ့။ အဘွားအိုက လမ်းပေါ်ကနေ သူ့မြေးကလေးကို လှမ်းခေါ်တယ်။ ဒါပေမဲ့ သူမြေးက မရှိဘူး။

ကောင်လေးရဲ့အဖေပဲ ရှိတာနဲ့ အဘွားအိုက သူ့ကိုပဲ မြည်းရုပ်ကလေးကို ပေးခဲ့တော့တယ်။

“အိုလီဗာ ပြန်လာရင်ပေးလိုက်ပါကွယ်။ ဒီနေ့ သူ့မွေးနေ့မဟုတ်ဘူးလား” လို့ အဘွားအိုက ပြောလိုက်သတဲ့။

“ဟုတ်တယ် . . . သနားစရာကောင်လေးပါဗျာ” သူ့အဖေက ပြောတယ်။


“ သူခမျာ လက်ဆောင်လေးတစ်ခု ကိတ်မုန့်လေးတစ်လုံးတောင် မရရှာဘူး ဒါပေမဲ့ အို . . . လှလိုက်တဲ့ မြည်းရုပ်ကလေး၊ ကျွန်တော်ခြေထောက်တစ်ဘက်တပ်ပြီး အရောင်လှလှလေး သုတ်ပေးလိုက်မယ်။ အိုလီဗာတော့ တော်တော်သဘောကျမှာ”

ဒါကြောင့် အဖေဖြစ်သူက အစိမ်းရောင် မြည်းရုပ်ကလေးကို စတင်ပြင်ဆင်တော့တယ်။ မကြာပါဘူး သူက မြည်းကလေးကို ခြေထောက်တစ်ဘက်တပ်ပေးလိုက်သတဲ့။ ဒီတော့ မြည်းလေးက ကောင်းကောင်းရပ်နိုင်ပြီ။ ပြီးတာနဲ့ အစိမ်းရောင်ဆေး နည်းနည်းသုတ်လိုက်သတဲ့။ သူ့အတွက် မြည်းကလေးက အဆင်သင့်။ “ ဟာ . . .လှလိုက်တဲ့ မြည်းကလေး . . .”လို့ အိုလီဗာက မြည်းကလေးကို မြှောက်ကိုင်ရင်း အော်တယ်။ “ ဟေ့ မော်လင်းနဲ့ ဘက်၊ ကြည့်စမ်းကွ၊ ဒီလောက်လှတဲ့ မြည်းရုပ်ကလေးကို မင်းတို့ မြင်ဖူးကြရဲ့လား သူ့အရောင်ကလည်း ဘယ်လောက်လှလိုက်တုန်း အို ဟိုးအဖေရေ ကျွန်တော် သူ့အတွက် မြည်းဇောင်းလေး လုပ်ပေးရမယ်ဗျ”


မြည်းကလေးခမျာမှာတော့ သူနှားသူတောင် မယုံနိုင်ရှာဘူး။ ဘာကြောင့်လဲ။ သူခမျာ အမြဲတမ်းလှောင်ပြောင်ရယ်မောတာခံပြီး ဝိုင်းပယ်ခံရတာကိုး။ အခုတော့ ဒီကောင်လေးက သူ့ကိုလှတယ်လို့ အထင်ခံရပြီကိုး။ အို ကောင်းလိုက်ပါဘိ သူခမျာ ပျော်နေရရှာတာ။

အိုလီဗာက မြည်းလေးကို သူနဲ့အတူ အိပ်ရာထဲယူသွားပြီး သူ့ခေါင်းအုံးနံဘေးမှာထားအိပ်တာ မြည်းလေးကလည်း အဲဒီမှာ တစ်ညလုံး ရပ်နားနေပြီး ကြွက်တွေ ဒါမှမဟုတ် ပိုးလေးတွေ သူ့သခင်ကို လာရောက်နှောင့်ယှက်ရင်တိုက်ခိုက် ကာကွယ်ပေးဖို့ အဆင်သင့် စောင့်နေသတဲ့။ ဘာကောင်မှတော့ မလာပါဘူး။ ဒါပေမဲ့ မြည်းလေးက တော်တော်လေး ရဲရင့်ပြီး တော်တော်လေး ပျော်ရွှင်နေတယ်။

နောက်တော့ အိုလီဗာလေးက သူ့အတွက် မြည်းဇောင်းလေး လုပ်ပေးသတဲ့။ အိုး . . . မြည်းဇောင်းက



ဒေတ်သစ်–ဝုံပြင်



လေးကလည်း ကြီးကျယ်ခမ်းနားလှချည့်။ မြည်းဇောင်း ကလေးထဲမှာ တကယ့် ကောက်ရိုးမျှင်လေးတွေ ထည့်ထားတဲ့ မြည်းစားခွက်ကလေးလည်း ပါသတဲ့။ မြင်းဇောင်းထဲ ဝင်ဖို့ ဖွင့်ထားတဲ့ အဝင် တံခါးလေးလည်း ပါသတဲ့။ သူ့အဖေက မြည်းဇောင်းနံရံတွေကို အညို ရောင်တောက်တောက် ဆေးသုတ်ပေးထားတယ်။ အံမယ် မှန်ပြတင်းသေးသေးလေးတောင် တပ်ပေထားသေး။ မြည်းလေးကလည်း တကယ့်ကို ဂုဏ်ယူနေတာပေါ့။

တခြား ကစားစရာ အရုပ်တွေက သူနဲ့သူငယ်ချင်း ဖြစ်ချင်ကြသတဲ့။ ဒီမှာက လက်တစ်ဘက်တည်းရှိတဲ့ အရုပ်ကလေးကတစ်ရုပ်၊အမြီးမရှိတဲ့မြင်းလေးကတစ်ကောင်၊ ပေါက်နေတဲ့ ဝက်ကလေးက တစ်ကောင် သေနတ်မရှိတော့တဲ့ စစ်သားရုပ်ကလေးက တစ်ရုပ် ရှိသေးတာကိုး။ မြည်းကလေးဟာ အရုပ်စင်ပေါ်မှာ ဘုရင်တစ်ပါးပေါ့။ သူမပျော်ရှိပါ့မလား။ သူက အိုလီဗာကိုချစ်သလို အိုလီဗာကလည်း သူ့ကိုချစ်တယ်။ အိုလီဗာက သူနဲ့အတူ နေ့တိုင်းကစားတယ်။


ဒီလိုနဲ့ တစ်နေ့မှာ အိုလီဗာရဲ့အမေကို တွေ့ဖို့ ဘယ်သူရောက်သလဲဆိုရင် တစ်ချိန်က ဒီမြည်းကလေးကိုပိုင်ခဲ့တဲ့ကလေးသုံးယောက်ရဲ့အမေပဲပေါ့။ကလေးတွေလည်း သူနဲ့အတူပါလာပြီး အိုလီဗာကို သူ့အရုပ်တွေပြဖို့ ခိုင်းတယ်။

"ဒီအရုပ်က ငါအကြိုက်ဆုံးအရုပ်ပါပဲ" အိုလီဗာက မြည်းဇောင်းလေးကို ယူပြီး ပြောလိုက်တယ်"ကြည့့်စမ်းပါ မြည်းစောင်းကလေးထဲကို သေသေချာချာကြည့့်စမ်းပါသူလှတယ်လို့ မထင်ဘူးလား"

"အို...ဟုတ်ပါ့..."လို့ကလေးသုံးယောက်ကပြောလိုက်ပြီး မြည်းဇောင်းလေးထဲကမြည်းရုပ်ကလေးဟာ သိပ်ကိုလှတာပဲလို့ တွေးနေကြတယ်။

"ငါတို့မှာလည်း ဒီလို မြည်းရုပ်ကလေးရှိချင်လိုက်တာ" ဒီစကားကို မြည်းရုပ်ကလေးကြားတဲ့အခါမှာ မြည်းကလေးဟာ ဘယ်လောက်များ ရယ်မောနေမိမလဲ မသိဘူးနော်။

သက်ဦးလွင်



နှင်းပွင့်ဖြူနှင့်လူပုလေးခုနစ်ယောက်

ဟိုးရှေးရှေးတုန်းက ဘုရင်တစ်ပါးနဲ့ မိဖုရားကြီးတို့ရှိကြတယ်။ မိဖုရားကြီးက နှင်းပွင့်လို့ဖြူဖွေးလှပတဲ့ သမီးတော်လေးတစ်ပါးဖွားမြင်တယ်။ သူတို့က သမီးတော်လေးကို နှင်းပွင့်ဖြူလို့ နာမည်ပေးကြတယ်။ သမီးတော်လေးမွေးပြီး ရက်အတန်ကြာမှာ မိဖုရားကြီးသေဆုံးသွားတယ်။



ကာလအတန်ကြာတဲ့အခါ ဘုရင်က နောက်အိမ်ထောင်ပြုတယ်။ နောက်မိဖုရားဟာ သူ့အလှအတွက်အလွန်ဂုဏ်ယူသတဲ့။ သူမှာ မှော်ကြေးမုံတစ်ချပ်ရှိတယ်။ သူက မှော်ကြေးမုံကို မကြာခဏမေးတယ်။

“ဖြေပါ . . ဖြေပါ . . . ကြေးမုံရာ၊ ဒီကမ္ဘာကြီးပေါ်မှာ။ ဘယ်သူဟာ အလှဆုံးကြေးမုံ ဖြေပါဦး”

အချိန်တိုင်းမှာ ကြေးမုံက မိဖုရားသစ်ဟာ အလှဆုံးလို့ ဖြေတယ်။




နှစ်တွေကုန်လွန်လာတာနဲ့ အမျှ နှင်းပွင့်ဖြူလေးဟာ လှပတဲ့ မိန်းကလေး တစ်ယောက် ဖြစ်လာတယ်။ တစ်နေ့မှာ မိဖုရားက မှော်ကြေးမုံကို အရင် မေးခွန်း အတိုင်းမေးတဲ့အခါ ကြေးမုံက ပြန်ဖြေတာက . . .

“မိဖုရားက လှပေမဲ့ နှင်းပွင့်ဖြူက ပိုလှရဲ့” ဒါကိုကြားတော့ မိဖုရားက ဒေါသသ သိပ်ထွက်သွားတယ်။ နှင်းပွင့်ဖြူရဲ့ အလှကို သူ မနာလို စိတ်တွေ ပေါ်လာတယ်။



တစ်နေ့မှာ မိဖုရားက မုဆိုးတစ်ယောက်ကို ခေါ်ပြီးနှင်းပွင့်ဖြူကို တောထဲခေါ်သွားပြီး သတ်ပစ်ဖို့ အမိန့်ပေးတယ်။ နှင်းပွင့်ဖြူလေးရဲ့နှလုံးသားကိုထုတ်ယူလာပြီး သူ့ကိုပြဖို့ မုဆိုးကို သူမှာတယ်။ မုဆိုးဟာ စိတ်မကောင်းပေမယ့် သူ့အမိန့်ကို လိုက်နာရတာပေါ့။



ဒီလိုနဲ့တောထဲရောက်တဲ့အခါမုဆိုးကနှင်းပွင့်ဖြူကို အဖြစ်မှန်ပြောပြတယ်။ အမြဲတမ်း တောထဲမှာ ပုန်းနေပြီး နန်းတော်ဆီဘယ်တော့မှ ပြန်မလာဖို့ သူက ပြောရှာတယ်။



နှင်းပွင့်ဖြူဟာ အလွန်ကြောက်ရွံ့ပြီး တောနက်ကြီးထဲကို ပြေးဝင်သွားသတဲ့။ ဒီအချိန်မှာ မုဆိုးက ယုန်တစ်ကောင်ကိုသတ် နှလုံးသားကို ထုတ်ယူပြီး နှင်းပွင့်ဖြူရဲ့ နှလုံးသားအဖြစ် မိဖုရားကိုပေးလိုက်တယ်။ မိဖုရားက သိပ်ပျော်နေတာပေါ့။




နှင်းပွင့်ဖြူလေးက တောနက်ထဲကို ပြေးလာတယ်။ သူသိပ်ပင်ပန်းနေရှာတယ်။ အချိန်အတော်ကြာတဲ့ အခါ . . . အိမ်သေးသေးလေးတစ်လုံးကို သူတွေ့တယ်။ အိမ်တံခါးကို သူခေါက်ပေမဲ့ ဘယ်သူမှ ပြန်မထူးကြဘူး။ ခဏစဉ်းစားပြီး အိမ်ထဲကို သူဝင်သွားတယ်။



ထမင်းစား စားပွဲမှာ ခုံသေးသေးလေး ခုနစ်လုံးကို တွေ့လို့ နှင်းပွင့်ဖြူအံ့သြသွားတယ်။ နားနေခန်းထဲမှာလည်း လက်တင်ကုလားထိုင်လေး ခုနစ်လုံးတွေ့ရတယ်။ အိမ်ခန်းထဲမှာလည်း ကုတင်လေး ခုနစ်လုံးတွေ့ရတယ်။ ပင်ပန်းလွန်းတာနဲ့ နှင်းပွင့်ဖြူလေးဟာ ကုတင်လေးတစ်လုံးပေါ်လှဲချလိုက်တာ၊ ချက်ချင်း အိပ်ပျော်သွားတယ်။





အဲဒီအိမ်သေးသေးလေးဟာ လူပုလေးခုနစ်ယောက်ပိုင်တဲ့အိမ်ပါ။ သူတို့က အခု မိုင်းတွင်းမှာ အလုပ်လုပ်နေကြတယ်။ သူတို့အိမ်လေးကို ပြန်လာကြတဲ့ အခါ မိန်းကလေးငယ်လေးတစ်ယောက် အိပ်ပျော်နေတာကို တွေ့တော့ သိပ် အံ့သြသွားကြတယ်။

နောက်တစ်နေ့မနက်မှာ နှင်းပွင့်ဖြူလေးနိုးလာတော့ လူပုလေးခုနစ်ယောက်ကို သူဘယ်လိုရောက်လာကြောင်း ပြောပြတယ်။ လူပုလေးခုနစ်ယောက်က သူ နေချင်သလောက်နေနိုင်ကြောင်း နှင်းပွင့်ဖြူကို ပြောပြကြတယ်။



ဒါပေမဲ့ စိတ်ထားကောက်ကျစ်တဲ့ မိဖုရားဟာ သူအသက်ရှင်နေတာကို မကြာခင်မှာပဲ သိသွားကြမှာပဲလို့ လူပုလေးတွေက နှင်းပွင့်ဖြူကို သတိပေးကြတယ်။ ဒါကြောင့် ဘယ်သူ့ကိုမှ တံခါးဖွင့် မပေးဖို့ နှင်းပွင့်ဖြူကို ပြောကြတယ်။ တစ်နေ့မှာ မိဖုရားက ကြေးမုံပြင်ကို သူမေးနေကျမေးခွန်းကို မေးပြန်တယ်။ ကြေးမုံပြင်က လူပုလေးခုနစ်ယောက်နဲ့ အတူရှိနေတဲ့ နှင်းပွင့်ဖြူဟာ အလှဆုံးလို့ ဖြေတယ်။



မိဖုရားက ချက်ချင်းပဲ တောသူမကြီး တစ်ဦးလိုဝတ်ဆင်ပြီး ပန်းသီးအပြည့် ပါတဲ့ခြင်းတစ်လုံးနဲ့ အတူ လူပုလေးတွေရဲ့အိမ်ကို သွားတယ်။ ခြင်းထဲက ပန်းသီးတစ်လုံးကို သူက အဆိပ်ခတ်ထားလိုက်တယ်။ ဒါပေမဲ့ နှင်းပွင့်ဖြူက တံခါးဖွင့်ပေးဖို့ ငြင်းဆိုတယ်။



မိဖုရားဟာ သိပ်ပါးနပ်တယ်။ သူက နှင်းပွင့်ဖြူကို ပန်းသီးတွေက ဘယ်လို အရသာရှိကြောင်း ပြောပြတယ်။ နှင်းပွင့်ဖြူက ကြာရှည်တောင့်မခံနိုင် လို့ တစ်လုံးတောင်းလိုက်တယ်။ မိဖုရားဟာ အလိမ္မာနဲ့ အဆိပ်ခပ်ထားတဲ့ပန်းသီး ကို ရွေးပေးလိုက်တယ်။




နှင်းပွင့်ဖြူဟာ ပန်းသီးကို တစ်ကိုက် ကိုက်ပြီး မကြာမီ လဲကျသွားသတဲ့။ မိဖုရားဟာပျော်ရွှင်စွာနဲ့ ရဲတိုက်ကို ပြန်သွားတယ်။ ညပိုင်းရောက်လို့ လူပုလေးတွေ ပြန်လာကြတဲ့ အခါ နှင်းပွင့်ဖြူလေး သေနေတာကို သူတို့တွေ့ကြရတယ်။



လူပုလေးတွေဟာ နှင်းပွင့်ဖြူ ကိုသိပ်ချစ်ကြလို့ သူ့ကိုမသင်္ဂြိုလ်ဘဲ ဖန်အခေါင်းတစ်ခုထဲမှာ ထည့်ထားကြတယ်။ ဖန်အခေါင်းကို လှပတဲ့ပန်းပွင့်တွေနဲ့ သူတို့အလှဆင်ထားကြတယ်။ လူပုလေးတွေဟာ ဝမ်းပန်းတနည်းငိုကျွေးကြပြီး ဘယ်တော့မှ အခေါင်းကို အစောင့်မရှိဘဲမထားခဲ့ကြဘူးတဲ့။

တစ်နေ့မှာ မင်းသားတစ်ပါးက လူပုလေးခုနစ်ယောက်ရဲ့အိမ်နားက ဖြတ်သွားရင်းနှင်းပွင့်ဖြူရဲ့ ဖန်ခေါင်းကို တွေ့သွားတယ်။ ချက်ချင်းပဲသူက နှင်းပွင့်ဖြူကိုချစ်သွားတယ်။ ဒူးထောက်ထိုင်ပြီး မိန်းမချောလေးရဲ့ ပါးပြင်ကို သူနမ်းလိုက်တယ်။ ဒါဟာ အချစ်စစ်နဲ့ အနမ်းဖြစ်လို့ နှင်းပွင့်ဖြူလေး အသက်ပြန်ရှင်လာတယ်။ မင်းသားလေးက နှင်းပွင့်ဖြူကို လက်ထပ်ပြီး ပျော်ပျော်ရွှင်ရွှင်နေထိုင်သွားကြသတဲ့ကွယ်။

ပြီးပါပြီ။



ကလေးငယ်တို့ရဲ့ ဘဝရှေ့ရေး

"စိတ်ဖိစီးမှု" အခင်္ဂါကင်းဝေး



စိတ်ဖိစီးမှုများ
ပျက်ရွှင်မှုယိုင်ခြင်းများ
အာမံဓာများ
ဂရုစိုက်ခံလိုခြင်းများ
ခုခံရေးဓါတ်များ









"သင့်ကလေးငယ်ရဲ့ စိတ်ပိစီးမှုများကို အကောင်းဆုံး

ကာကွယ်ပေးမည်"

UNITED PHARMA
Serving Your Healthcare Needs